# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်း သည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ အင်္ဂါနေ့ အတွဲ (၆၅)၊ အမှတ်(၁၂၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၉ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂ ရက်)

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသ ကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန် ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာ လိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၁) | ဦးခမ်းလူ | ၁၃/ပယန(နိုင်) ၀၁၃၆၅၄ | မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂) | ခွန်ဖိုးစိန် | ၁၃/ပလန(နိုင်) ၀၆၈၅၁၄ | ပင်လောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၃) | ဦးထွန်းလှ(ခ) ဦးတိုးရ | ၁၃/ညရန(နိုင်) ၀၀၈၉၄၅ | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | အင်းအမျိုးသားအဖွဲ့ချုပ် ပါတီ |
| (၄) | စိုင်းကျော်ရင် | ၁၃/ဖခန(နိုင်) ၀၁၃၈၁၆ | ဖယ်ခုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

စာမျက်နှာ ၈ ကော်လံ ၁ ❖

## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော

## အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ် ကျင်းမြို့နယ် ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင် ၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ် ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင် များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သောင်းသောင်းဖြဖြကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန် များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်၍ အောင်ပွဲ အလီလီရယူနိုင်ခဲ့သော စာမျက်နှာ ၄ ကော်လံ ၆ ❒

**အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ်မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၆)နှင့် (၁၇)တွင် ဖော်ပြထားပါသည်။


ယနေ့ ဖ တ် စ ရာ

ရထားလက်မှတ်များ လွယ်ကူအဆင်ပြေစွာဝယ်နိုင်ရေး အွန်လိုင်းပေါ်မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်းစနစ်ကို ရှေ့ပြေးအစီအစဉ်အဖြစ် စတင်မိတ်ဆက်ခြင်း စာမျက်နှာ ၆

အရည်အသွေးပြည့်မီမှန်ကန်သည့် ရေနံထွက် ပစ္စည်းများအား အများပြည်သူအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ စာမျက်နှာ ၁၁

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၌ ယနေ့ ညနေပိုင်းတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် လုံခြုံရေးကောင်စီများ၊ အထူးတပ်ဖွဲ့များနှင့် တရားဥပဒေစိုးမိုးရေး အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ဆိုက်ဘာရာဇဝတ်မှု တိုက်ဖျက်ရေးအပါအဝင် သတင်းအချက်အလက်



လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းမှုများကို တန်ပြန်ခြင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ရေးသင်တန်းများ ပံ့ပိုးကူညီပေးခြင်းဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ဝဲပုံ)**

ယင်းနောက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူတို့က ဖျော်ဖြေဧည့်ခံခဲ့သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ ဆာဂေးရှွိုင်းဂူဦးဆောင်သော ကိုယ်စားလှယ်သည် ယနေ့မွန်းလွဲပိုင်းက အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့တွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ရုရှားနိုင်ငံ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Zarenin နှင့် အဖွဲ့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက ရုရှားပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Igor Zubov နှင့် ရုရှားနိုင်ငံ အမျိုးသားအစောင့်တပ်ဖွဲ့ ဒုတိယအကြီးအကဲ Mr. Oleg Plohoy နှင့် အဖွဲ့တို့အား လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ဇော်လင်းထွန်းက ရုရှားငွေကြေးစောင့်ကြည့်ရေး ဖက်ဒရယ်အဖွဲ့ ဒုတိယအကြီးအကဲ Mr. Evgeny Gileta နှင့် အဖွဲ့အားလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း Rosatom ၊ နိုင်ငံတကာ စီမံကိန်းများဌာန အကြီးအကဲ Ms. Marina Belyaeva နှင့်အဖွဲ့တို့အား လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၌ AI နည်းပညာအခြေခံလုပ်ငန်းခွင်အသုံးချမှုသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ခေတ်စနစ်နှင့်အညီ အသိပညာ၊ အတတ်ပညာများ လေ့လာတတ်မြောက်စေရန်ရည်ရွယ်၍ AI နည်းပညာအခြေခံလုပ်ငန်းခွင် အသုံးချမှုသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားဉာဏ်ရည်တု နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာနှင့် သင်တန်းနည်းပြများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ် ဒစ်ဂျစ်တယ် ပလက်ဖောင်းတွင် Artificial Intelligence (AI) နည်းပညာသည် လူသားများ၏ နေ့စဉ်ဘဝ လုပ်ငန်းများတွင် မရှိမဖြစ် နည်းပညာတစ်ခုအဖြစ် ရပ်တည်လာနေပြီဖြစ်ရာ လုပ်ငန်းနယ်ပယ်များတွင် AI နည်းပညာကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာစေသည့် အားသာချက်များစွာရှိပြီး လိုအပ်သော အချက်အလက်များကို မြန်မြန်ဆန်ဆန် စုစည်း၍ စနစ်တကျအသုံးချလျက်ရှိပါကြောင်း၊ ထို့ပြင် လူ့စွမ်းအား၊ စက်မှုစွမ်းအားများ လျှော့ချပြီး AI နည်းပညာနှင့် အစားထိုး၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် စက်မှုလက်မှု ကဏ္ဍတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကဏ္ဍများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာသည်ကို တွေ့ရှိရပါကြောင်း။

**အထောက်အကူပြုအဖြစ်သုံးစွဲ**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် Digital အခြေပြု နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ AI နည်းပညာကို အသုံးပြု၍ ဝန်ထမ်းများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် အတွေးအမြင်၊ အယူအဆများအား မှန်ကန်စွာ သုံးသပ်ထည့်သွင်း၍ အကျိုးရှိစွာ အသုံးပြုရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာသည် အကျိုးကျေးဇူးများစွာရှိသော်လည်း စိန်ခေါ်မှုများစွာလည်းရှိပါကြောင်း၊ AI စနစ်အပေါ် မှီခိုမှုများပြားလာပါက





လူသားတို့၏ တွေးခေါ်ကြံဆနိုင်မှုစွမ်းရည်များ ကျဆင်းလာနိုင်မည်ဖြစ်သည့်အတွက် အလွန်အမင်း မှီခိုခြင်းမပြုဘဲ အထောက်အကူပြုကိရိယာ တစ်ရပ်အဖြစ်သုံးစွဲကြရန် အထူးမှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် AI နည်းပညာကို လေ့လာသင်ယူပြီး မိမိတို့လုပ်ငန်းခွင်များတွင် လက်တွေ့ပြန်လည်အသုံးချဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှု၍ တိုးတက်ပြောင်းလဲလာသည့် ICT နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အမျိုးသားဉာဏ်ရည်တု နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဒါရိုက်တာ ဒေါက်တာ တင်ဖုန်းကျော်က AI နည်းပညာဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအတွက် ချီးမြှင့်ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Vasilii Sergeevich Osmakov ဂါရဝပြုလာရောက်တွေ့ဆုံ




**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Vasilii Sergeevich Osmakov က ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ ဂါရဝပြုလာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ၊ သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ-ရုရှား နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို နှစ်နိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် Mr. Vasilii Sergeevich Osmakov တို့က လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲနှင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များသင်ကြားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂**

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ သင်ကြားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က လာမည့် ပညာသင်နှစ်တွင် Grade-12 ၏ သင်ရိုးညွှန်းတမ်းများကို ပြန်လည်ရေးဆွဲရမည်ဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီး၏ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင်ရှိသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို အသစ်ပြန်လည် ဖွဲ့စည်းမည်ဖြစ်ပြီး အသစ်ပြန်လည်ဖွဲ့စည်းမည့် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီတွင် ဒုတိယဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပြန်လည်ဖွဲ့စည်းရာတွင် ပညာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများသာမက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာများနှင့်ပတ်သက်သည့် ပညာရှင်များကိုပါ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းမည်ဆိုပါက ပိုမိုကောင်းမွန်သည့် သင်ရိုးညွှန်းတမ်းများဖြစ်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ အလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ထည့်သွင်းသင်ကြားပေးရန်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လာမည့် ၂၀၂၆ ခုနှစ် ပညာသင်နှစ် ဖွင့်လှစတင်၍ အလယ်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ထည့်သွင်းသင်ကြားပေးနိုင်ရန်၊ သင်ရိုးများ အချိန်မီရေးဆွဲရန်၊ သင်ကြားမည့် ဆရာ ဆရာမများနှင့် ဆင့်ပွားသင်တန်းများ ဆက်လက်ပေးရန်နှင့် သင်ကြားမည့်အချိန်များ သတ်မှတ်နိုင်ရန် ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ် သင်ကြားရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က စက်မှုဘာသာရပ်သင်ကြားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က အလယ်တန်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ သင်ကြားနိုင်ရေး၊ စာမေးပွဲများ အောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအရ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာခင်ကျင်းပမည့် Grade-12 စာမေးပွဲဖြစ်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စာမေးပွဲများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ချောမွေ့အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုရောက်ရှိလာသည့် ယဉ်ကျေးမှုအဖွဲ့များကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်သည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ရောက်ရှိလာသည့် အုပ်ချုပ်သူတစ်ဦး၊ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး၂၁ ဦး စုစုပေါင်း ၃၆ ဦး၊ ရခိုင်ပြည်နယ် ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူတစ်ဦး၊ အမျိုးသားရှစ်ဦး၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း၄၀၊ ချင်းပြည်နယ် ကိုယ်စားပြုရောက်ရှိလာသည့် အုပ်ချုပ်သူတစ်ဦး၊ အမျိုးသား ၂၀၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၆ ဦးတို့ကို အိုးစည်၊ ဒိုးပတ်များနှင့် နွေးထွေးလှိုက်လှဲစွာဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များကို တည်းခိုနေထိုင်မည့် အိပ်ဆောင်များတွင် စနစ်တကျနေရာချထားပေးခြင်း၊ အဖွဲ့လိုက် နံနက်စာ၊နေ့လယ်စာနှင့် ညစာကျွေးမွေးမှုများတွင် လစ်ဟင်းမှုများမရှိစေရေးနှင့် တည်းခိုနေထိုင်စဉ်ကာလအတွင်း အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကာ တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည်ထောင်စုကြီး တိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**သက် ရှိ လော က တည် မြဲ ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၁/၂၀၂၆) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကိုဖွဲ့စည်းပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ စတုတ္ထသက်တမ်း ဒုတိယခြောက်လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာ (မူကြမ်း)အား အတည်ပြုနိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း။

အတည်ပြုပြီးသော အစီရင်ခံစာအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြနိုင်ရေး၊ အစီရင်ခံစာ ကောက်နုတ်ချက်ကို အင်္ဂလိပ်ဘာသာပြန်ဆို၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့နိုင်ရေးဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဒုတိယခြောက်လတာကာလ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားများ အသိပညာပေးခြင်းလုပ်ငန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ ခရိုင် ၄၅ ခုတွင် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့်အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၅) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းကော်မတီ (၁/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များကိုတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅) ဒုတိယခြောက်လပတ် အစီရင်ခံစာ(မူကြမ်း) အပေါ် ပြင်ဆင်လိုသည်များကို ဆွေးနွေးနိုင်ရေးအတွက် အစီရင်ခံစာ (မူကြမ်း) ကို တင်ပြသည်။

ထို့နောက် ဝန်ကြီးဌာနအသီးသီးက ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ဒုတိယခြောက်ပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းတို့ပြုလုပ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာသို့ သွားရောက်ပြီး တောင်သူများ စိုက်ပျိုးထားသည့် ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ခင်းဧက တစ်ထောင်ကျော် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကိုကြည့်ရှုအားပေးကာ တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ သဘာဝမြေဩဇာကို အချိုးကျစွာ ပေါင်းစပ်အသုံးပြုနိုင်ရေး၊ တောင်သူများအနေဖြင့် သီးနှံများအား ရာသီပြည့်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများမှ နေကြာများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရမည့် နည်းလမ်းများနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားကာ တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် မွန်းတည့်ခွင် - ကျည်တောင်-ခေါမ - ညောင်ပင်သာ လမ်း မိုင်တိုင် ၂၁ မိုင် ၃ ဖာလုံမှ ၂၁ မိုင် ၆ ဖာလုံအတွင်း အရှည် ဝ ဒသမ ၄၂၆ ကီလိုမီတာ၊ အကျယ် ၅ ဒသမ ၅ မီတာ မူလကတ္တရာလမ်း၏ ၃၀ ရာခိုင်နှုန်းအား အနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာလမ်းချဲ့ထွင် ခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် သစ်စိမ့်ပင်ကျေးရွာသို့ ရောက်ရှိရာ တောင်သူ ဦးဇော်ဝင်း၏ ကွင်းအမှတ် ၁၇၂၁ ၌ မြေဆီလွှာစစ်ဆေးခြင်း၊ ဆောင်းမတ်ပဲ ဧကတစ်ထောင် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုနှင့် စိုက်ခင်းအတွင်း အပင်အားဆေးပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာစစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ သဘာဝမြေဩဇာများ၊ ဓာတ်မြေဩဇာများကို အပြည့်အဝ အချိုးကျအသုံးပြုခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ လိုက်နာကျင့်သုံးခြင်းများကို ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် မွန်းတည့်ခွင်- ကျည်တောင်- ခေါမ- ညောင်ပင်သာလမ်း မိုင်တိုင် ၁၆ မိုင် ၂ ဖာလုံ မှ ၁၆မိုင် ၄ ဖာလုံအထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသော ပစ္စည်းများကိုသာ လုပ်ငန်းခွင်အတွင်း အသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝ ဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအနီး ပင်လောင်းလမ်းမကြီးတစ်လျှောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို**
**(ပုဗ္ဗသီရိ)**

# ရွှေကျင်မြို့နယ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ရွှေကျင် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲကို ယမန်နေ့က မြို့နယ်စည်ပင်သာယာဈေးအရှေ့ ညဈေးလမ်း၌ မြန်မာတို့၏ ရိုးရာအစဉ်အလာနှင့်အညီ အိုးစည် ဒိုးပတ်ဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ဦးစွာ မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကျင်းပရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထမနဲတွင်ပါဝင်ပစ္စည်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ပြိုင်ပွဲကို စတင်ခဲ့ကြရာ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းက မြန်မာ့ရိုးရာထမနဲ ထိုးပွဲပုံရိပ်ကို ဖော်ဆောင်သည့် သံချပ်/ သီချင်း စာသားများနှင့်အတူ သတ်မှတ်နေရာအသီးသီးတွင်ယှဉ်ပြိုင်ကြရာ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့ကြပြီး ထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုနှင့် ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဖေဖော်ဝါရီ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့၌ အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရထားလက်မှတ်များ လွယ်ကူအဆင်ပြေစွာဝယ်နိုင်ရေး အွန်လိုင်းပေါ်မှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်းစနစ်ကို ရှေ့ပြေးအစီအစဉ်အဖြစ် စတင်မိတ်ဆက်ခြင်း

ညီညီ(ရထား)

**လက်ရှိ ရထားစီးခရီးသွားပြည်သူများမှာ မြန်မာ့မီးရထား၌ ရထားလက်မှတ်ဝယ်ယူရသည့်စနစ်မှာ ခရီးသွားမည့်သူ (သို့မဟုတ်) ကိုယ်စားလှယ်ဖြစ်သူက ရထားလက်မှတ်ဝယ်ယူရန်အတွက် ဘူတာရုံ/လက်မှတ်ရုံရှိရာသို့ သွားရောက်ဝယ်ယူရသည့်အတွက် အချိန်ကုန်ခြင်း၊ ခရီးစရိတ်ကုန်ကျခြင်း၊ တန်းစီ၍ စောင်ရေအကန့်အသတ်ဖြင့်သာ ဝယ်ယူရခြင်းနှင့် ငွေအကြွေရရှိမှုအခက်အခဲကြောင့် လက်မှတ်ခ ပြန်အမ်းငွေကိုလည်း အတိအကျပြန်အမ်းနိုင်ရန် အခက်အခဲရှိခြင်းများ ကြုံတွေ့နေရပါသည်။**




မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ကို ပိုမိုအဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်စေရေးအတွက် နိုင်ငံတကာမှ ရထားလုပ်ငန်းများကဲ့သို့ အွန်လိုင်းပေါ်မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ကို အကောင်အထည်ဖော်နိုင်ရန် လွန်ခဲ့သည့် နှစ်များစွာကတည်းက ကြိုတင်လေ့လာပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ ORTP စနစ်ကို အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Public Private Partnership – PPP Scheme) နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ် ဇူလိုင်လက သတ်မှတ်တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်း ပြည်ပ ပုဂ္ဂလိက IT ကုမ္ပဏီ၊ အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့ပြီး စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest – EOI) တင်ပြစေခြင်း၊ အရည်အချင်း ပြည့်မီသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများကို ပဏာမရွေးချယ်ပြီး တင်ဒါအဆိုပြုလွှာ (Request For Proposal – RFP) ကို တင်ပြစေခဲ့ပါသည်။ တင်ဒါအောင်မြင်သူကို ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်းက ရွေးချယ်ခဲ့ပြီး စနစ်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ORTP စနစ်ကို ပထမအဆင့်အဖြစ် ခြောက်လအတွင်း ဆောင်ရွက်ရမည်**

အဆိုပါလုပ်ငန်းစာချုပ် ချုပ်ဆိုပြီးပါက ပုဂ္ဂလိက ကုမ္ပဏီအနေဖြင့် ORTP စနစ်ကို ပထမအဆင့်အဖြစ် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်း သုံးခုတွင်ရှိသည့် ဘူတာများ၌ စနစ်အတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်တပ်ဆင်ခြင်းနှင့် Softwareရေးဆွဲခြင်းတို့ကို သတ်မှတ်တည်ဆောက်ရေး ကာလခြောက်လအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယခုအခါ လုပ်ငန်းစာချုပ် ချုပ်ဆိုနိုင်ရေး ညှိနှိုင်းပြင်ဆင် ဆောင်ရွက်နေဆဲကာလနှင့်တစ်ပြိုင်တည်း ကြိုတင်ရေးဆွဲပြုစုထားသည့် ORTP စနစ်အား **ရှေ့ပြေးစမ်းသပ်အစီအစဉ် (Pilot Project )**အဖြစ် ရန်ကုန် – နေပြည်တော် – မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို အွန်လိုင်းမှ ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

**ရှေ့ပြေးစမ်းသပ်မှုအဖြစ် လက်မှတ်များကို ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ရောင်းချပေးခဲ့**

ORTP စနစ်ကို ရှေ့ပြေးစမ်းသပ်မှုအစီအစဉ် (Pilot Project) အဖြစ် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/(၁၂)အစုန် (ရန်ကုန်-မန္တလေး-ရန်ကုန်) လူစီးအမြန်ရထား၊ အမှတ်(၇)အဆန်/(၈)အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထား၊ အမှတ်(၃၁)အဆန်/(၃၂)အစုန်(ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် (မန္တလေး-နေပြည်တော်-မန္တလေး) လူစီးအမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

အွန်လိုင်းမှ လက်မှတ်များ ဝယ်ယူရာမှာ ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခရီးသွားမည့် နေ့ရက်မတိုင်မီ ၇ ရက်အလိုကတည်းက ကြိုတင်ဝယ်ယူနိုင်ပါသည်။ စီးနင်းလိုက်ပါလိုသည့် တွဲအတန်း အစား၊ ထိုင်ခုံနေရာနှင့် အရေအတွက်များကို ခရီးသည်ကိုယ်တိုင် စိတ်ကြိုက်ဆုံးဖြတ်ရွေးချယ်နိုင်သည့် စနစ်လည်းဖြစ်ပါသည်။ ထိုင်ခုံနေရာလွတ်များ ကျန်ရှိနေပါကလည်း ရထားမထွက်ခွာမီ နာရီဝက်အလို အချိန်အထိ အဆိုပါ ORTP စနစ်ကိုသာ အသုံးပြုရောင်းချပေးသွားရန် စီစဉ်ထားခြင်းဖြစ်ပါသည်။ **ခရီးသွားမည့်နေ့ရက်မတိုင်မီ ၇ ရက်အတွင်း ကြိုတင်လက်မှတ်ဝယ်ယူထားသူက ရထားထွက်ခွာမည့် နေ့ရက်/ အချိန် နီးကပ်မှဝယ်ယူသူ ခရီးသည်များထက် တွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့ကို ဆောလျင်စွာ ဆုံးဖြတ်ရွေးချယ်နိုင်မည့် အခွင့်အရေး ပိုမိုရရှိမည်ဖြစ်ပါသည်။**

ရထားပို့ဆောင်ရေးလုပ်ငန်း၏သဘာဝမှာ ခရီးသည်နှင့်ကုန်စည်ပမာဏများစွာကို ခရီးဝေးဝေးသို့ တစ်ချိန်တည်းတစ်ပြိုင်တည်း အစုအပြုံလိုက် ပို့ဆောင်ပေးနိုင်စွမ်းရှိသဖြင့် နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို သိသာထင်ရှားစွာအထောက်အကူဖြစ်စေသည့် ပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း ကနဦးတည်ဆောက် ရင်းနှီးမြှုပ်နှံခြင်း၊ ရထားပြေးဆွဲခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ၏ အဆင့်တိုင်းအတွက်မှု ကြီးမားသောဘဏ္ဍာငွေအသုံးစရိတ်လိုအပ်သကဲ့သို့ ကုန်ကျစရိတ်ကို ကာမိစေရန်အတွက် လက်မှတ်ခနှင့် ကုန်တန်ဆာခများမှ ဝင်ငွေပြန်လည်ရရှိမှုကိုလည်း အမြဲတစေ ချိန်ထိုးနေရန် လိုအပ်ပါသည်။

ခရီးသည် လက်မှတ်ခအား သတ်မှတ်ရာတွင် ခရီးသည်တစ်ဦး၏ အကွာအဝေးတစ်မိုင်ပေါ် အခြေခံသတ်မှတ်ကျသင့်ခနှုန်းကို ဘူတာနှစ်ခုအကြား ခရီးမိုင်အကွာအဝေးဖြင့်မြှောက်၍ တွက်ချက်ကောက်ခံရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ လမ်းပိုင်းအတွင်း ခရီးစဉ် အစမှအဆုံးအထိ စီးနင်းလိုက်ပါကြသည့် ခရီးသည် အရေအတွက်များများရရှိမှသာ ရထားပြေးဆွဲခုတ်မောင်းရသည့် ကုန်ကျစရိတ်ကို ကာမိစေနိုင်ပါသည်။ ထို့ပြင် ခရီးအကွာအဝေးတိုအတွင်း ခရီးသွားရောက်လိုသည့် ခရီးသည်များအနေဖြင့် လော်ကယ်/ စာပို့ရထားများ၊ မော်တော်ယာဉ်လိုင်းများဖြင့်လည်း ရွေးချယ်လိုက်ပါနိုင်သည့် အခွင့်အလမ်းများစွာရှိပါသည်။ သို့ဖြစ်၍ မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုင်းအတွင်း ခရီးစဉ်အစမှအဆုံးအထိ လိုက်ပါလိုသည့် ခရီးသည်များကို ကြိုတင်ဝယ်ယူနိုင်ခွင့် ဦးစားပေးအဖြစ် သတ်မှတ်ခဲ့ပြီး **ကြားဘူတာများမှ စီးနင်းလိုက်ပါလိုသည့် ခရီးသည်များအတွက်ကိုမူ သုံးရက် ကြိုတင်ဝယ်ယူနိုင်ရန် သတ်မှတ်ခွင့်ပြုထားပါသည်။**

ခရီးသွားပြည်သူများအနေဖြင့် အွန်လိုင်းမှ လက်မှတ်များဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာဘူတာရုံ/လက်မှတ်ရုံများသို့ လာရောက်ပြီး အဆိုပါစနစ်အသုံးပြု၍ ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားပါသည်။ ရထားထွက်ခွာဆိုက်ရောက်ချိန်၊ ရထားရပ်တန့်ဘူတာများ၊ လက်မှတ်ခနှုန်းထားများမှာလည်း ယခင်သတ်မှတ်ထားသည့်အတိုင်း ဖြစ်ပါသည်။

လတ်တလောဆောင်ရွက်နေသည့် ရှေ့ပြေးစမ်းသပ်အစီအစဉ် (Pilot Project) အဆင့်တွင် မိမိအသုံးပြုသည့် Browser တစ်ခုခုမှတစ်ဆင့် **ortp.railways.gov.mm** ကို ရိုက်နှိပ်ပြီး **ORTP Website Link** ကို ဝင်ရောက်နိုင်ပါသည်။ ထို့ပြင် သတ်မှတ်ပေးထားသည့် QR Code ကို Scan ပြုလုပ်၍လည်း အဆိုပါ **ORTP Website Link** ကို ဝင်ရောက်နိုင်ပါသည်။

**လက်မှတ်ဝယ်ယူသည့်အခါ စည်းကမ်းချက်များကို တွေ့ရမည်**

မြန်မာ့မီးရထား၏ ORTP Team အနေဖြင့် **Mobile Application တစ်ခုကို တည်ဆောက်နေဆဲ**ဖြစ်ပါသည်။ နောင်တွင် မိမိကိုင်ဆောင်သည့် လက်ကိုင်ဖုန်းထဲသို့ အဆိုပါ Application အား Download ပြုလုပ်ထည့်သွင်းထားပြီးပါက ရထားလက်မှတ်ဝယ်ယူရန်အတွက် ပိုမိုလွယ်ကူစွာအသုံးပြုနိုင်မည်လည်းဖြစ်ပါသည်။ အထက်ပါ **ORTP Website Link** သို့ ဝင်ရောက်ပြီးသည်နှင့် ORTP စနစ်၏ အွန်လိုင်းလက်မှတ် ဝယ်ယူနိုင်မည့် ပင်မစာမျက်နှာကို မြင်တွေ့ရပါမည်။ ထိုစာမျက်နှာတွင် မိမိသွားလိုသည့်ခရီးစဉ်ကို စတင်ရွေးချယ်နိုင်မည်ဖြစ်ပြီး ORTP စနစ်နှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များ၊ အွန်လိုင်းက လက်မှတ်ဝယ်ယူသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ထို့နောက် အသွားတစ်ကြောင်းလား၊ အသွားအပြန်ခရီးလား ရွေးချယ်ရပါမည်။ စတင်လိုက်ပါမည့်ဘူတာ၊ ဆိုက်ရောက်လိုသည့်ဘူတာ၊ စီးနင်းလိုက်ပါလိုသည့် နေ့/ရက်၊ ထိုင်ခုံလက်မှတ်ဝယ်ယူမည့်ဦးရေ၊ ကလေး/လူကြီး ခွဲခြားပေးခြင်း စသည်တို့ကို ရွေးချယ်ထည့်သွင်းပေးရမည်ဖြစ်ပါသည်။ ဖော်ပြထားသည့် ရထားခရီးစဉ်များအနက်မှ မိမိသွားရောက်လိုသည့် ရထားထွက်ခွာချိန်အလိုက် စီးနင်းလိုက်ပါလိုသည့် ရထားခရီးစဉ်အား ရွေးချယ်ရပါမည်။ ဆက်လက်၍ ရထားတွဲအတန်းအစားများနှင့် လက်မှတ်နှုန်းထားခများအား မြင်တွေ့ရမည်ဖြစ်ပြီး မိမိနှစ်သက်ရာ တွဲအတန်းအစားနှင့် ထိုင်ခုံနေရာတို့ကို ရွေးချယ်နိုင်ပါသည်။

*စာမျက်နှာ ၇ သို့*

**❝ မြန်မာ့မီးရထား၏ ORTP Team အနေဖြင့် Mobile Application တစ်ခုကို တည်ဆောက်နေဆဲဖြစ်ပါသည်။ နောင်တွင် မိမိကိုင်ဆောင်သည့် လက်ကိုင်ဖုန်းထဲသို့ အဆိုပါ Application အား Download ပြုလုပ်ထည့်သွင်းထားပြီးပါက ရထားလက်မှတ်ဝယ်ယူရန်အတွက် ပိုမိုလွယ်ကူစွာအသုံးပြုနိုင်မည်လည်းဖြစ်ပါသည်။ အထက်ပါ ORTP Website Link သို့ ဝင်ရောက်ပြီးသည်နှင့် ORTP စနစ်၏ အွန်လိုင်းလက်မှတ်ဝယ်ယူနိုင်မည့် ပင်မစာမျက်နှာကို မြင်တွေ့ရပါမည်။ ထိုစာမျက်နှာတွင် မိမိသွားလိုသည့်ခရီးစဉ်ကို စတင်ရွေးချယ်နိုင်မည်ဖြစ်ပြီး ORTP စနစ်နှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များ၊ အွန်လိုင်းက လက်မှတ်ဝယ်ယူသည့်အခါ လိုက်နာရမည့်စည်းကမ်းချက်များကို မြင်တွေ့ရမည်ဖြစ်ပါသည် ❞**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၁) ဖွင့်လှစ်





နေပြည်တော် ဖေဖော်ဝါရီ ၂

**အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၁)၏ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင်ဦးဆန်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတစ်ခု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေရန်အတွက် အစိုးရ၏ မူဝါဒများကို ဦးဆောင်အကောင်အထည်ဖော်ရသည့် အဆင့်မြင့်အရာရှိကြီးများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှု၍ ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့ လုပ်ငန်းတာဝန်များကို စွမ်းရည်ထက်မြက်စွာ စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်နှင့် လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သော ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း။

သင်တန်းသားများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် အဓိက လိုအပ်ချက်ဖြစ်သော စည်းကမ်းကောင်းမွန်ပြီး ရုံးလုပ်ငန်းများ စနစ်ကျနစွာ တစ်ပြေးညီ လုပ်ဆောင်တတ်ရန် လိုကြောင်း၊ နိုင်ငံချစ်စိတ်ရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေရန် အရေးကြီးပါကြောင်း၊ ထို့ပြင် ရာထူးအဆင့်ဆင့် တိုးတက်လာသည်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များအပေါ် စနစ်တကျ စီမံခန့်ခွဲတတ်ရန်လိုကြောင်း၊ သို့အတွက် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်လိုက် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လမ်းညွှန်ချက်များနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်းများကအစ စနစ်တကျသုံးသပ်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီသည် ဦးတည်ချက် (၄) ရပ်ချမှတ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် အမျိုးသားပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြင့်မားရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာတွင် အဆင့်မြင့် အရာရှိကြီးများအပါအဝင် နိုင်ငံ့ဝန်ထမ်းများက ကျရာအခန်းကဏ္ဍမှ ကျွမ်းကျင်မှုနှင့်အတူ စိတ်စေတနာကောင်းဖြင့် ပေါင်းစပ်ပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း။

တက္ကသိုလ်မှ ချမှတ်ထားသော သင်တန်းစည်းကမ်းများကို တိကျလိုက်နာပြီး မိမိဌာန၊ အဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေး ကြိုးစားအားထုတ်ကြရန်နှင့် "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများ ဖြစ်စေရန် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အရည်အချင်းများ ပြည့်ဝနေရန် ကြိုးစား၍ မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံရေးနှင့် မိမိတို့နိုင်ငံ၏ အခြေအနေများကို မျက်ခြည်မပြတ် အမြဲနှိုင်းယှဉ် လေ့လာသုံးသပ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၂၄ ဦး စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ် စာကြည့်တိုက်တွင် သင်တန်းသား သင်တန်းသူများ ရည်ညွှန်းကိုးကားနိုင်ရေး သင်ခန်းစာနှင့် ဘာသာရပ်များဆိုင်ရာ စာအုပ်များ ဖြည့်ဆည်းပေးထားမှု၊ e-Lib Software သုံး၍ ဘာသာရပ်ဆိုင်ရာ အချက်အလက်များ ရှာဖွေနိုင်ရေး ဆောင်ရွက်ထားမှုနှင့် စာအုပ် ငှားရမ်းပေးမှု၊ တက္ကသိုလ်ရှိ ဝန်ထမ်းများနှင့် ရဲဝန်ထမ်းမိသားစုများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ် ပင်မရုံး အစည်းအဝေးခန်းမ၌ တက္ကသိုလ်ရှိ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ် (၂၁) နှင့် အလယ်အလတ်အဆင့်အရာထမ်း သင်တန်းအမှတ်စဉ် (၁၄) တို့မှ သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ရွှေမြို့နယ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ညောင်ရွှေ ဖေဖော်ဝါရီ ၂**

ယဉ်ကျေးမှုအမွေအနှစ်များဖြင့် ဂုဏ်ယူဝင့်ကြွားဖို့ ရေဝပ်ဒေသများနှင့် ရိုးရာအသိပညာများ ထိန်းသိမ်းစို့ ဆောင်ပုဒ်ဖြင့် ကျင်းပသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရွှေရန်ပြေကျေးရွာရှိ MAB-EEC ဇီဝအဝန်းနယ်မြေ ပညာပေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က အမှာစကားပြောကြားသည်။ ထို့နောက် ရေဝပ်ဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပြည်နယ်သယံဇာတရေးရာဝန်ကြီးက လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက လည်းကောင်း၊ ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူအား ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက လည်းကောင်း ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဧည့်သည်များနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် ရေဝပ်ဒေသ ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့် အရေးပါသည့် ရမ်ဆာရေဝပ်ဒေသများအနေဖြင့် မိုးယွန်းကြီးအင်း၊ အင်းတော်ကြီးအိုင်၊ မိန်းမလှကျွန်း၊ မုတ္တမပင်လယ်ကွေ့ဒေသ၊ အင်းလေးကန်၊ နံ့သာကျွန်း၊ မေယုမြစ်ဝဒေသနှင့် ပြူကန်ဟူ၍ ရေဝပ်ဒေသကြီးများ ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

*စာမျက်နှာ ၆ မှ*

ဆက်လက်ပြီး ခရီးသည်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့မဟုတ်) Passport အမှတ်တို့ကို ဖြည့်သွင်းဖော်ပြခြင်း၊ ကျား/မ ရွေးချယ်ဖော်ပြခြင်း၊ ဖုန်းနံပါတ်နှင့် အီးမေးလ်တို့ကို ဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။ ခရီးသည်များ သတိပြုရမည့်အချက်မှာ ခရီးသွားမည့်သူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို တိတိကျကျ ဖြည့်သွင်းရန် လိုအပ်ပါသည်။ ရထားပေါ်ရောက်သည့်အခါ သက်ဆိုင်ရာ ရထားလက်မှတ်စစ်ဝန်ထမ်းက ခရီးသည်၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးသည့်အခါ ကွဲလွဲနေကြောင်း စိစစ်တွေ့ရှိရပါက ဒဏ်ကြေးအဖြစ် လက်မှတ်ခ၏ နှစ်ဆ ပေးဆောင်ရမည်ဖြစ်ပါသည်။ အချက်အလက်များ ဖြည့်သွင်းရန် အချိန် ၁၅ မိနစ် သတ်မှတ်ပေးထားပြီး ၁၅ မိနစ်ထက် ကျော်လွန်ပါက စနစ်မှအလိုအလျောက် ပယ်ဖျက်သွားမည်ဖြစ်ပါ၍ အဆိုပါအချက်အလက်များအား ပင်မစာမျက်နှာမှစ၍ အသစ်ပြန်လည်ထည့်သွင်းရမည် ဖြစ်ပါသည်။

### ငွေပေးချေမှုအောင်မြင်ပါက e-Ticket ထွက်ပေါ်လာမည်

ဆက်လက်၍ ကြိုတင်လက်မှတ်ဝယ်ယူနိုင်ရန်အတွက် အွန်လိုင်းမှ ငွေပေးချေခြင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျသင့်လက်မှတ်ခကို MPU Card ဖြင့် ပေးချေလိုပါက ကတ်၏ အချက်အလက်များ ဖြည့်သွင်းပေးရပါမည်။ MMQR နှင့် ချိတ်ဆက်ထားသည့် မည်သည့် Wallet ဖြင့်မဆို ငွေပေးချေနိုင်ပြီး ထွက်ပေါ်လာသည့် QR ကို Scan ဖတ်၍ လွယ်ကူစွာ ငွေပေးချေနိုင်မည်ဖြစ်ပါသည်။ ခရီးသည်များ သတိပြုရမည့်အချက်မှာ ထွက်ပေါ်လာသည့် QR နှင့်အတူ ဖော်ပြထားသည့် အချိန်သတ်မှတ်ချက် ၅ မိနစ်အတွင်း ငွေပေးချေရန်လိုအပ်ပါသည်။ ငွေပေးချေမှုအောင်မြင်ပါက e-Ticket ထွက်ပေါ်လာပါမည်။

အဆိုပါ e-Ticket ကို Download ရယူခြင်း၊ မိမိလက်ကိုင်ဖုန်းအတွင်း Scan Shot ပြုလုပ်ထားခြင်း (သို့မဟုတ်) မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပါက Printout ပြုလုပ်ခြင်းများ ဆောင်ရွက်ထားနိုင်ပါသည်။ မိမိစီးနင်းမည့် ရထားအချိန်မတိုင်မီ တစ်နာရီခန့် ကြိုတင်၍ ဘူတာရုံကောင်တာများ၌ စက္ကူလက်မှတ်နှင့် လဲလှယ်၍ ရထားစီးနင်းလိုက်ပါနိုင်မည်ဖြစ်ပါသည်။

အဆိုပါ ORTP စနစ်ကို ခရီးသွားပြည်သူများ အကျွမ်းတဝင်ရှိစေရေးအတွက် စနစ်အသုံးပြုပုံအဆင့်ဆင့်ကို လူမှုကွန်ရက်များပေါ်မှလည်း အသိပေး မျှဝေလျက်ရှိပါသည်။ ခရီးသွားပြည်သူများအနေဖြင့် စနစ်အသုံးပြုရာတွင် အဆင်မပြေမှုရှိပါကလည်း စုံစမ်းမေးမြန်းနိုင်ရန်အတွက် မြန်မာ့မီးရထား **Call Center ၏ Hotline ဖုန်းနံပါတ်- 1188** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နောင်တွင် ဘူတာကြီးတချို့၌ လက်မှတ်ရောင်းစက် Kiosk များကိုလည်း ချထားပေးမည်ဖြစ်၍ အဆိုပါစက်များ၌ ခရီးသွားပြည်သူများ ကိုယ်တိုင်လိုအပ်သည့်အချက်အလက်များ ဖြည့်သွင်းဝယ်ယူနိုင်မည်လည်းဖြစ်ပါသည်။

### ခရီးသွားပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေ

ယခုဆောင်ရွက်သည့်အဆင့်မှာ ကြိုတင်ပြင်ဆင်ထားသည့် ORTP စနစ်အား ရှေ့ပြေးစမ်းသပ်ခြင်း ပြုလုပ်သည့်အဆင့်သာဖြစ်ပါသည်။ စနစ်အား စမ်းသပ်ပြီးနောက် ထွက်ပေါ်လာသည့် အကျိုး/အပြစ်များအပေါ် ပြန်လည်ဆန်းစစ်ပြီး ခရီးသွားပြည်သူများအနေဖြင့် ရထားလက်မှတ်များကို အဆိုပါစနစ်အား အသုံးပြု၍ ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် စနစ်အား မွမ်းမံပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြည့်စုံပြီဆိုပါက အခြားရထားလမ်းပိုင်းများဖြစ်ကြသည့် ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း၊ ရန်ကုန်-ပြည်ရထားလမ်းပိုင်းများတွင် ပြေးဆွဲပေးလျက်ရှိသည့် လူစီးအမြန်ရထားများ၌ အဆိုပါ ORTP စနစ်ကို အသုံးပြုပြီး အွန်လိုင်းက လက်မှတ်ရောင်းချပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရထားလက်မှတ်များကို အွန်လိုင်းပေါ်မှ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်မည်ဆိုပါက ပွင့်လင်းမြင်သာမှုရှိပြီး ခရီးသွားမည့်သူကိုယ်တိုင် ကြိုက်နှစ်သက်ရာတွဲအတန်းအစား၊ ထိုင်ခုံအမျိုးအစားကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း၊ Online Payment ဖြင့် လက်မှတ်ခကျသင့်ငွေကိုလည်း လွယ်ကူစွာပေးချေနိုင်ခြင်း၊ လက်မှတ်ဝယ်ယူရန် ဘူတာ/လက်မှတ်ရုံသို့ လာရောက်ရသည့် ခရီးစရိတ်၊ အချိန်ကုန်သက်သာမှုဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ရေးဆွဲထားသည့်စနစ်ကိုလည်း အသုံးပြုသူများအနေဖြင့် ရိုးရှင်းလွယ်ကူစွာအသုံးပြုနိုင်စေရန်နှင့် လုံခြုံမှုရှိသောစနစ်တစ်ခုဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ ရထားသွားလာရေးလုပ်ငန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း စနစ်အတွင်း အခါအားလျော်စွာ ဖော်ပြပေးနိုင်မည်ဖြစ်သည့်အတွက် ခရီးသွားပြည်သူများအတွက် များစွာအထောက်အကူဖြစ်စေပါမည်။

မြန်မာ့မီးရထားက ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ရေး စီမံကိန်းများဆောင်ရွက်မှုကြောင့် ခေတ်မီတိုးတက်ပြောင်းလဲလာသည့် ရထားပို့ဆောင်ရေးလုပ်ငန်းနှင့် လိုက်လျောညီထွေဖြစ်စေပြီး ရထားလက်မှတ်များကို လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်စေခြင်းကြောင့် ရထားဖြင့် ခရီးသွားလာမှုပိုမိုများပြားလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

❖ ရှေ့ဖုံးမှ

| | | | | |
|---|---|---|---|---|
| (၅) | ဦးညီညီဇော် | ၁၂/အစန(နိုင်) ၂၀၃၉၁၄ | သီပေါမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၆) | စိုင်းကျော်ဝင်း | ၁၃/မနန(နိုင်) ၀၀၁၁၃၈ | မိုးနဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၇) | ဒေါ်နန်းမွန်းအောင် | ၁၃/လခန(နိုင်) ၀၂၉၂၄၉ | ကျေးသီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၈) | ဦးစိုင်းနော်ခမ်း | ၁၃/မရန(နိုင်) ၀၁၈၇၁၄ | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁)**

| | | | | |
|---|---|---|---|---|
| (၉) | ခွန်ဝင်းနောင် | ၁၃/ပလန(နိုင်) ၀၀၁၆၇၁ | ပင်လောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၀) | ခွန်ကျော်အေး | ၁၃/တကန(နိုင်) ၂၂၅၅၇၈ | ဆီဆိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၁) | ဦးဒီဂေါလ် | ၁၃/ဟပန(နိုင်) ၀၂၇၇၈၃ | ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးအောင်ပြည့်စုံ | ၁၃/ကလန(နိုင်) ၁၄၃၅၇၈ | ရွာငံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ |
| (၁၃) | ဦးဟိန်းထက်ဇော် | ၁၃/ရစန(နိုင်) ၀၄၈၂၉၉ | ပင်းတယမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ခွန်ဆောင်းရွှေ | ၁၃/ကတလ(နိုင်) ၀၀၁၃၆၂ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၅) | ခွန်စနေအောင် | ၁၃/ဆဆန(နိုင်) ၀၇၆၅၄၈ | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၆) | ခွန်ထွန်းငယ် | ၁၃/ဆဆန(နိုင်) ၀၀၀၁၃၈ | ကလောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၇) | စိုင်းထိန်စိုး | ၁၃/မမန(နိုင်) ၀၀၀၀၁၈ | ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | စိုင်းလုံကျော် | ၁၃/တကန(နိုင်) ၀၁၅၂၈၃ | ဖယ်ခုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးလင်းလင်းနိုင် | ၅/ကလထ(နိုင်) ၁၄၈၅၇၇ | မောက်မယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ |
| (၂၀) | ဦးကြည်လွင် | ၁၃/ညရန(နိုင်) ၀၆၃၇၄၂ | လင်းခေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | အင်းအမျိုးသားအဖွဲ့ချုပ် ပါတီ |
| (၂၁) | စဝ်သာဦး | ၁၃/တကန(နိုင်) ၀၁၈၈၉၇ | မိုင်းပန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂)**

| | | | | |
|---|---|---|---|---|
| (၂၂) | ဒေါ်ဝါဝါထွေး | ၁၃/တကန(နိုင်) ၀၀၂၉၃၆ | နမ့်စန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးနိုင်ဝင်းအောင် | ၁၃/ပလန(နိုင်) ၀၅၉၇၀၉ | လွိုင်လင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဒေါ်နန်းသီတာနွယ် | ၁၃/နစန(နိုင်) ၀၀၀၁၃၃ | ကျေးသီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးကျော်ကျော်နိုင် | ၁၃/ကဟန(နိုင်) ၀၁၃၆၁၄ | မိုင်းရှူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးမင်းထွန်းအောင် | ၇/နတလ(နိုင်) ၀၀၀၀၁၅ | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၇) | ဦးစိုင်းဟောင်ခမ်း | ၁၃/ကတန(နိုင်) ၀၈၁၃၄၈ | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၈) | ဒေါ်နန်းခမ်းလူ(ခ) နန်းလဲ့လဲ့ဖြိုး | ၁၃/လခန(နိုင်) ၀၀၀၃၁၅ | မိုးနဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၉) | ခွန်ထွန်းလေး | ၁၃/လလန(နိုင်) ၀၃၇၉၂၈ | လဲချားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃)**

| | | | | |
|---|---|---|---|---|
| (၃၀) | ဦးဇော်လွင် | ၁၃/မဘန(နိုင်) ၀၁၄၁၄၆ | နမ့်ဆန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဒေါ်စိုးစိုးငြိမ်း | ၁၃/နခတ(နိုင်) ၀၂၉၆၇၆ | မန်တုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၂) | ဦးသန်းထိုက်ဇော် | ၁၃/ကမန(နိုင်) ၀၈၇၉၃၇ | ကျောက်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးသီဟလှိုင် | ၁၃/နခတ(နိုင်) ၀၇၇၄၀၇ | သီပေါမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဒေါ်နန်းခမ်းမန် | ၁၃/နဖန(နိုင်) ၀၀၀၀၂၆ | တန့်ယန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဦးစိုင်းခမ်း | ၁၃/မရတ(နိုင်) ၀၀၀၆၆၉ | နောင်ချိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဒေါ်ခိုင်သန္တာထွေး | ၁၃/နခတ(နိုင်) ၀၉၉၇၉၀ | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးစိုင်းခမ်းကျော် | ၁၃/ကမန(နိုင်) ၀၆၇၀၂၃ | မိုးမိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၈) | ဦးသန်းဇော်ဦး | ၁၃/မမတ(နိုင်) ၀၃၆၃၉၀ | နမ္မတူမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၉) | နန်းခမ်းလီ | ၁၃/ကမန(နိုင်) ၀၆၇၁၀၄ | မဘိမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ရှမ်းပြည်နယ်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၆)**

| | | | | |
|---|---|---|---|---|
| (၄၀) | ဦးကျော်သိန်းအောင် | ၁၃/နခန(နိုင်) ၀၇၈၀၈၉ | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးနော်အောင် | ၁၃/ကခန(နိုင်) ၀၁၆၈၃၂ | ဟိုပန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | စိုင်းဝင်းမြင့် | ၁၃/သနန(နိုင်) ၀၀၂၅၉၆ | ပန်ဝိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၃) | ဦးစိုင်းအောင်မြင့် | ၁၃/ကခန(နိုင်) ၀၁၆၂၇၇ | နားဖန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၄) | ဦးစိုးကမ္ဘာစိတ် | ၁၃/လရန(နိုင်) ၁၃၀၆၄၀ | မိုင်းမောမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၄၅) | ဦးစိုင်းဘသန်း | ၁၃/နမတ(နိုင်) ၀၁၅၈၁၁ | မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၆) | ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း | ၁၂/လသန(နိုင်) ၀၂၀၃၀၆ | လောက်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဒေါ်မြမြဆွေ | ၁၃/လရန(နိုင်) ၀၂၄၀၁၃ | ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးခင်အောင်ဆွေ | ၁၃/လရန(နိုင်) ၁၃၄၃၀၆ | လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးကျော်စွာဝင်း(ခ) Mအောင်ဂျာ | ၁၃/နမတ(နိုင်) ၀၃၁၃၅၃ | မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၀) | ဦးဌေးဝင်းလှိုင် | ၉/သစန(နိုင်) ၀၉၀၈၂၈ | ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ဦးသန်းစိုး | ၉/ကပတ(နိုင်) ၀၀၂၁၈၉ | နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) | ဦးမောင်မောင် | ၁၃/လရန(နိုင်) ၁၀၀၅၂၂ | ကွမ်းလုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၃) | ဦးစိုင်းစမ်(ခ) စိုင်းခွန်မောင် | ၁၃/လရန(နိုင်) ၀၃၇၁၉၄ | သိန္နီမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၃)
## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်း အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | ၂၆၈၁၂၀ | ၂၄၃၄၃ | ၂၉၂၄၆၃ | |
| ၁ | မက်မန်း | | | ၇၄၅၉ | ၈၄၄ | ၈၃၀၃ | |
| | | ဦးခမ်းလူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၅၇၃ | ၇၃၉ | ၇၃၁၂ | ၈၈.၀၆% |
| | | ဦးမောရှေ | 'ဝ'အမျိုးသားပါတီ | ၈၈၆ | ၁၀၅ | ၉၉၁ | ၁၁.၉၄% |
| ၂ | ပင်လောင်း | | | ၉၇၁၇၄ | ၇၇၃၂ | ၁၀၄၉၀၆ | |
| | | ခွန်ဖိုးစိန် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၈၀၂၀၅ | ၃၇၀၉ | ၈၃၉၁၄ | ၇၉.၉၉% |
| | | ခွန်ဗိုလ်ဒင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၃၉ | ၃၅၃၈ | ၁၄၀၇၇ | ၁၃.၄၂% |
| | | ဦးနန္ဒကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၆၅၀ | ၃၉၁ | ၅၀၄၁ | ၄.၈၀% |
| | | ဦးသူရအောင် | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၇၈၀ | ၉၄ | ၁၈၇၄ | ၁.၇၉% |
| ၃ | ညောင်ရွှေ | | | ၉၆၀၇၈ | ၄၉၃၃ | ၁၀၁၀၁၁ | |
| | | ဦးထွန်းလှ(ခ)ဦးတိုးရ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၃၁၃၅ | ၂၃၅၉ | ၄၅၄၉၄ | ၄၅.၀၄% |
| | | ခွန်စိုးခေါင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၂၂၁၂၄ | ၇၅၄ | ၂၂၈၇၈ | ၂၂.၆၅% |
| | | ဒေါ်ဖြူလင်းသက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၀၂၂ | ၁၃၄၆ | ၁၈၃၆၈ | ၁၈.၁၈% |
| | | ဦးမျိုးတေဇာအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၇၇၅ | ၂၀၄ | ၅၉၇၉ | ၅.၉၂% |
| | | ဦးစံတင့် | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၃၂၄၈ | ၈၀ | ၃၃၂၈ | ၃.၂၉% |
| | | ခွန်ဝင်းလွင်ထွေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၃၈၇ | ၁၀၆ | ၂၄၉၃ | ၂.၄၇% |
| | | ဦးဇင်ဖြိုးလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၈၇ | ၈၄ | ၂၄၇၁ | ၂.၄၅% |
| ၄ | ဖယ်ခုံ | | | ၂၆၅၅ | ၁၇၂၈ | ၄၃၈၃ | |
| | | စိုင်းကျော်ရင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၈၀ | ၁၅၆၈ | ၃၁၄၈ | ၇၁.၈၂% |
| | | ဦးစံထွန်း | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၁၂ | ၇၅ | ၇၈၇ | ၁၇.၉၆% |
| | | ဒေါ်ဇင်မာအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၁၁ | ၅၉ | ၂၇၀ | ၆.၁၆% |
| | | ဒေါ်စန္ဒာလွင် | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၅၂ | ၂၆ | ၁၇၈ | ၄.၀၆% |
| ၅ | သီပေါ | | | ၁၅၆၆၁ | ၁၁၉၂ | ၁၆၈၅၃ | |
| | | ဦးညီညီဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၆၉၃ | ၃၇၃ | ၉၀၆၆ | ၅၃.၇၉% |
| | | ဦးစိုင်းခင်မောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၉၆၈ | ၈၁၉ | ၇၇၈၇ | ၄၆.၂၁% |
| ၆ | မိုးနဲ | | | ၁၅၄၃၄ | ၄၄၁၆ | ၁၉၈၅၀ | |
| | | စိုင်းကျော်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၂၀၈ | ၆၉၀ | ၁၀၈၉၈ | ၅၄.၉၀% |
| | | ဦးစိုင်းဝင်းဇော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၂၆ | ၃၇၂၆ | ၈၉၅၂ | ၄၅.၁၀% |
| ၇ | ကျေးသီး | | | ၁၈၃၀၁ | ၁၉၀၈ | ၂၀၂၀၉ | |
| | | ဒေါ်နန်းမွန်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၉၅၄ | ၃၂၄ | ၁၁၂၇၈ | ၅၅.၈၁% |
| | | စိုင်းကျော်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၃၄၇ | ၁၅၈၄ | ၈၉၃၁ | ၄၄.၁၉% |
| ၈ | မိုင်းရှူး | | | ၁၅၃၅၈ | ၁၅၉၀ | ၁၆၉၄၈ | |
| | | ဦးစိုင်းနော်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၂၆ | ၁၁၅၀ | ၉၃၇၆ | ၅၅.၃၂% |
| | | ဒေါ်နန်းခမ်းမိုစ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၁၃၂ | ၄၄၀ | ၇၅၇၂ | ၄၄.၆၈% |

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၃) တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)
## နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၈၁၉၅၅၃ / ၁၃ = ၆၃၀၄၂

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော ခိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၁ | PR မဲဆန္ဒနယ်အမှတ်(၁) | | | ၈၁၉၅၅၃ | ၉ | | ၄ | ၁၃ | |
| | | ၁။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | ၃၂၂၇၀၈ | ၅ | ၇၄၉၈ | - | ၅ | |
| | | ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၄၁၄၇ | ၃ | ၃၅၀၂၁ | ၁ | ၄ | |
| | | ၃။ | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၀၇၃၁၁ | ၁ | ၄၄၂၆၉ | ၁ | ၂ | |
| | | ၄။ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၅၁၉၆၃ | - | ၅၁၉၆၃ | ၁ | ၁ | |
| | | ၅။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၂၃၇ | - | ၄၄၂၃၇ | ၁ | ၁ | |
| | | ၆။ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၈၃၀ | - | ၃၀၈၃၀ | - | - | |
| | | ၇။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၂၈၂ | - | ၁၉၂၈၂ | - | - | |
| | | ၈။ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၂၇ | - | ၉၉၂၇ | - | - | |
| | | ၉။ | ပြည်သူ့ပါတီ | ၉၁၄၈ | - | ၉၁၄၈ | - | - | |

ရှင်းလင်းချက် ။ ( ၁ ) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် ပင်းတယ၊ ဟိုပုံး၊ တောင်ကြီး၊ လင်းခေး၊ ရွာငံ၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ မိုင်းပန်၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက် (၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် ပင်လောင်း၊ ညောင်ရွှေ၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

( ၂ ) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် ခိုင်လုံမဲအများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၈၈၄၀၃ / ၈ = ၂၃၅၅၀

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၂ | PR မဲဆန္ဒနယ်အမှတ်(၂) | | | ၁၈၈၄၀၃ | ၆ | | ၂ | ၈ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၈၈၈ | ၃ | ၁၂၂၃၈ | ၁ | ၄ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၂၄၅၆ | ၃ | ၁၁၈၀၆ | - | ၃ | |
| | | ၃။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | ၂၃၀၅၉ | - | ၂၃၀၅၉ | ၁ | ၁ | |

ရှင်းလင်းချက် ။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် နမ့်စန်၊ လွိုင်လင်၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ လဲချားမြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မိုးနဲ၊ ကျေးသီး၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၁၁၅၆၇၃ / ၁၀ = ၁၁၅၆၇

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၃ | PR မဲဆန္ဒနယ်အမှတ်(၃) | | | ၁၁၅၆၇၃ | ၈ | | ၂ | ၁၀ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၆၇၂၁ | ၅ | ၈၈၈၆ | ၁ | ၆ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၇၇၈၅ | ၃ | ၃၀၈၄ | - | ၃ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၁၆၇ | - | ၁၁၁၆၇ | ၁ | ၁ | |

ရှင်းလင်းချက် ။ (၁) ၈-၁-၂၀၂၆ ရက်နေ့နှင့် ၂၁-၁-၂၀၂၆ ရက်နေ့ထုတ် သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် နောင်ချို၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် သီပေါမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်း ရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆) နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်လောင်းရရှိမှုအခြေအနေ

နိုင်ငံရေးပါတီအသီးသီးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ = နိုင်လုံမဲစုစုပေါင်း / ရွေးကောက်တင်မြှောက်ရမည့်ကိုယ်စားလှယ်အရေအတွက် = ၆၈၄၄၄ / ၁၄ = ၄၈၈၈

| စဉ် | PR မဲဆန္ဒနယ် | စဉ် | ပါတီအမည် | ရရှိသော နိုင်လုံမဲအရေအတွက် | အခြေခံမဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ကြွင်းကျန်မဲ စုစုပေါင်း | ကြွင်းကျန်မဲအရ ရရှိသော ကိုယ်စားလှယ် အရေအတွက် | ရရှိမည့် ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | ရှမ်းပြည်နယ် | | | | | | | | |
| ၄ | PR မဲဆန္ဒနယ်အမှတ်(၆) | | | ၆၈၄၄၄ | ၁၃ | | ၁ | ၁၄ | |
| | | ၁။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၄၉၆ | ၈ | ၁၃၉၂ | ၁ | ၉ | |
| | | ၂။ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၇၃၇ | ၄ | ၁၁၈၅ | - | ၄ | |
| | | ၃။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၂၀ | ၁ | ၁၃၃၂ | - | ၁ | |
| | | ၄။ | 'ဝ'အမျိုးသားပါတီ | ၉၉၁ | - | ၉၉၁ | - | - | |

ရှင်းလင်းချက် ။ (၁) ၈-၁-၂၀၂၆ ရက်နေ့ သတင်းစာများတွင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည့် ရှမ်းပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် မူဆယ်၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်များနှင့် ၂-၂-၂၀၂၆ ရက်စွဲပါကြေညာချက်(၂၉/၂၀၂၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မက်မန်းမြို့နယ်မဲဆန္ဒနယ်တို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲရရှိမှုစာရင်းများကိုပေါင်း၍ တွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) အထက်ပါတွက်ချက်မှုဇယားအရ နိုင်ငံရေးပါတီများမှ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် ကိုယ်စားလှယ်အမည်စာရင်းအား နိုင်ငံရေးပါတီများရရှိသည့် နိုင်လုံမဲ အများအနည်းအပေါ် မူတည်၍ မြို့နယ်များ၏ လူဦးရေအများအနည်းအတိုင်းစဉ်၍ထားခြင်းဖြစ်ပါသည်။

## ညအပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများကို ပြခန်းများဖွင့်လှစ်၍ ကျယ်ကျယ်ပြန့်ပြန့် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဦးယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ နှစ်ရှည်သီးနှံဌာနခွဲ၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲနှင့် သကြားထွက်သီးနှံ ဌာနခွဲဟူသည့် ဌာနခွဲရှစ်ခုမှ မျိုးစေ့အမျိုးမျိုး၊ သဘာဝမြေဩဇာ/သဘာဝ ပိုးသတ်ဆေးအမျိုးမျိုး၊ နည်းပညာဗဟုသုတများ (နကျယ်မွေးမြူခြင်း၊ ပိုးထောင်ချောက်များ)၊ သီးနှံအမျိုးအစားအလိုက် တန်ဖိုးမြှင့် ထုတ်ကုန်အမျိုးမျိုးနှင့် တန်ဖိုးမြှင့်စားသောက်ကုန်များ စမ်းသပ်ထုတ်လုပ်ခြင်း ပြုလုပ်ပုံအဆင့်ဆင့်တို့ကို ပါဝင်ပြသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဦးက ပြောသည်။

"ပြပွဲမှာ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံတဲ့ MSME လုပ်ငန်းတွေအတွက် နည်းပညာရပ်တွေကို ဗီနိုင်းတွေနဲ့ ပြသသွားမှာဖြစ်ပြီး ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေက ထုတ်လုပ်ထားတဲ့ တန်ဖိုးမြှင့် စားသောက်ကုန်တွေဖြစ်တဲ့ ဝိုင်၊ ဖျော်ရည်၊ အမှုန့်၊ ဆော့အနှစ်၊ သစ်သီးခြောက်နဲ့ ယိုအမျိုးမျိုး၊ စက်မှုကုန်ကြမ်းနဲ့ လူသုံးကုန်တွေဖြစ်တဲ့ ဝါဂွမ်းက ထွက်ရှိတဲ့ ချည်ထည်တွေအပြင် ပိုးစာကနေ ထုတ်လုပ်တဲ့ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆေးနဲ့ Skin Care ပစ္စည်းတွေ၊ နှစ်ရှည်သီးနှံတွေဖြစ်တဲ့ မက္ကဒေးမီးယားဆီကိုအခြေခံတဲ့ ခေါင်းလျှော်ရည်၊ အလှဆီနဲ့ ပျားရည်၊ ရော်ဘာကုန်ချောပစ္စည်းတွေဖြစ်တဲ့ လက်အိတ်၊ ဖိနပ်၊ အပိုပစ္စည်းနဲ့ ရော်ဘာရွက် ပန်းအလှဆင်ခြင်းတွေ စတဲ့ပစ္စည်းတွေကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ပြပွဲသို့ လာရောက်လေ့လာသူများအတွက် နည်းပညာဗဟုသုတများ ရရှိမည်ဖြစ်ပြီး အချို့ထုတ်ကုန်များအတွက် ထုတ်လုပ်မှုအဆင့်ဆင့်နှင့် အရည်အသွေးမြှင့်တင်မှု နည်းစနစ်များကိုပါ သိရှိနိုင်မည်ဖြစ်သည့်အပြင် ပြပွဲရှိ တာဝန်ခံပညာရှင်များနှင့် တိုက်ရိုက်ဆွေးနွေးခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက် လိုအပ်သည့် နည်းပညာများကို အလွယ်တကူ မေးမြန်းသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက MSME မွေးမြူထုတ်လုပ်မှု နည်းပညာပေးဆိုင်ရာ ပြကွက်၊ မွေးမြူထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပြကွက်၊ MSME မွေးမြူထုတ်လုပ်မှုအတွက် ပြည်တွင်းထုတ် တိရစ္ဆာန်အစာများပြကွက်နှင့် အသား၊ ဥ၊ နို့၊ ပျားထွက်ပစ္စည်းနှင့် ငှက်သိုက်ဆိုင်ရာ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြကွက်တို့ကို ပါဝင်ပြသသွားမည်ဖြစ်သည်။

ထို့ပြင်အသားနှင့်အသားထွက်ပစ္စည်းကုန်ချောများ (အမဲသား၊ ကြက်သား၊ ဘဲသားစည်သွတ်ဘူးများ)၊ အသင့်စားအသားခြောက်များနှင့် ရောစပ်အသားမုန့်များ (အမဲသား၊ ကြက်သား၊ ဘဲသားစည်သွတ်ဘူးများ)၊ နို့နှင့်နို့ထွက်ပစ္စည်းများဖြစ်သည့် နို့ဆီဘူးများ၊ ဒိန်ချဉ်၊ နို့အေးများ၊ ပျားနှင့် ပျားထွက်ပစ္စည်းအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ၊ နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးနှင့် ငါးအမိုင်နိုတို့ဖြင့် ပြုလုပ်ထားသော ဇီဝမြေဩဇာအမျိုးမျိုး၊ အသင့်သုံး တိရစ္ဆာန်စပ်စာအမျိုးမျိုး၊ သားရေထည်လုပ်သုံးပစ္စည်းများ၊ ငှက်သိုက်ဆိုင်ရာအဆောက်အအုံနှင့် ထုတ်ကုန်များ၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ (Battery cage, Weigh machine-mini, AI tool kits)၊ ဥပဒေနှင့် အမိန့်ညွှန်ကြားချက်များ၊ နည်းပညာပေးစာအုပ်၊ စာစောင်များ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာလုပ်ငန်းစဉ်များ စသည့်ပစ္စည်းများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ ဒေသအသီးသီးက MSME လုပ်ငန်းရှင်တွေအတွက် မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေးစတဲ့ထုတ်ကုန်တွေကို တရားဝင်မှတ်ပုံတင်နိုင်ဖို့အတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ ဆက်စပ်ပစ္စည်းတင်သွင်းရမယ့် လုပ်ငန်းစဉ်တွေကို OSS ရုံးခန်းဖွင့်လှစ် ရှင်းလင်းပြသတာတွေ၊ လက်တွေ့ဝန်ဆောင်မှု ပေးတာတွေကို ပြခန်းမှာ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးနည်းပညာရပ်တွေနဲ့ စိုက်ခင်းထွက်သီးနှံတွေကို တန်ဖိုးမြှင့် စားသောက်ကုန်တွေ တစ်ပိုင်တစ်နိုင် စမ်းသပ်ထုတ်လုပ်နိုင်ဖို့ နည်းပညာရပ်တွေကို လေ့လာသိရှိနိုင်မှာဖြစ်ပါတယ်။ လာရောက်ပြသကြမယ့်ဒေသအသီးသီးက မွေးမြူရေးဆိုင်ရာ MSMEလုပ်ငန်းရှင်တွေ အတွက်လည်း ထုတ်ကုန်တွေအတွက် ပြည်ပတင်ပို့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ ဆက်စပ်ပစ္စည်းတင်သွင်းမယ့် လုပ်ငန်းစဉ်တွေကို OSSရုံးခန်းဖွင့်ပြီး ရှင်းလင်းပြသတာတွေ၊ လက်တွေ့ဝန်ဆောင်မှု ပေးတာတွေကို ပြခန်းမှာ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးဝင်းဦးက ရှင်းပြသည်။



ယခုနှစ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးအစီအစဉ်အဖြစ် ပို့ကုန်သွင်းကုန်အတွက် OSS ရုံးခန်းဖွင့်ပေးခြင်း၊ ရေဆင်းတွင် တည်ရှိသည့် ရိတ်သိမ်းချိန်လွန်နည်းပညာဌာန (PHRI) မှ ဆောင်ရွက်ထားသည့် MSME အထောက်အကူပြု သုတေသနများဖြစ်သည့် ဝိုင်အမျိုးမျိုး (နာနတ်သီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ ချဉ်ပေါင်ဖူး)၊ ဖျော်ရည်အမျိုးမျိုး (ဆီးသီး၊ စပျစ်သီး၊ နဂါးမောက်သီး၊ ချဉ်ပေါင်ဖူး)၊ အမှုန့်အမျိုးမျိုး ပြုလုပ်ပုံ/ပြုလုပ်နည်းများ ပြသပေးခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်အတွက် OSS ရုံးခန်းဖွင့်လှစ်ပေးခြင်း၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ငှက်သိုက်ထုတ်လုပ်ရန် ဇီဝဖိုးငှက်များကို လှောင်အိမ်ဖြင့်မွေးသည့်စနစ် ပြသခြင်းတို့ကို ထည့်သွင်းစီစဉ်ထားကြောင်း သိရသည်။

**အေးအေးသန့်**

# အရည်အသွေးပြည့်မီမှန်ကန်သည့် ရေနံထွက်ပစ္စည်းများအား အများပြည်သူအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်ရန်နှင့် ပြည်တွင်းတွင် ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန်အတွက် ရေနံချက်စက်ရုံစီမံကိန်းများကို အပိုင်းလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် စက်သုံးဆီများကို ပြည်ပမှဝယ်ယူတင်သွင်းနေရလျက်ရှိရာ တင်သွင်းလာသည့် စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီရေး၊ ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး၊ ရေနံထွက်ပစ္စည်းဖြည့်ဆည်းမှု ကွင်းဆက် (Supply Chain) အဆင်ပြေ ချောမွေ့မှုရှိစေရေးတို့အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၆ ရက်တွင် သီလဝါဆိပ်ကမ်းရှိ Apex Terminal သို့ Tanker ဖြင့် ရောက်ရှိလာသည့် ရိုးရိုးဒီဇယ်ဆီ (HSD 500 PPM) အား နမူနာရယူ၍ ဓာတ်ခွဲခန်းတွင် အရည်အသွေး စမ်းသပ်စစ်ဆေးခဲ့ရာ စမ်းသပ်မှုရလဒ်အရ အဆိုပါတင်ဆောင်လာသည့် ရိုးရိုးဒီဇယ်ဆီ (HSD 500 PPM) သည် စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးစွဲသူပြည်သူများ နစ်နာမှုမရှိစေရေး ဆီချခွင့်မပြုဘဲ မူလတင်ပို့ရာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့သည်။



စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ အသုံးပြုလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် စိစစ်ထိန်းကျောင်း ကြပ်မတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်းတွင် ထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ဆီချောဆီများ၏ အရည်အသွေးကိုက်ညီမှန်ကန်မှုရှိစေရေးတို့ကိုလည်း ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လှိုင်လင်ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဓာတ်ဆီဆိုင်များ စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂ ရက်က လှိုင်လင်မြို့ရှိ BOC စက်သုံးဆီအရောင်းဆိုင်၌ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။ လှိုင်လင်မိုး



မြစ်သားမြို့နယ်ရှိ မြစ်သားမြို့မဈေးနှင့် ကူမဲမြို့ စည်ပင်သာယာဈေးတို့အား မီးဘေးကင်းဝေးစေရေးအတွက် ဇန်နဝါရီ ၃၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် တပ်ဖွဲ့ဝင်များက ဈေးသူဈေးသားများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော ပြီး မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်စဉ်။ သီတာအောင်(ပြန်/ဆက်)

# MSME ဆိုတာ ဘာလဲ

ကိုချင်း

**MSME (Micro, Small and Medium Enterprises) ကို မြန်မာလိုဆိုရမည်ဆိုပါက "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ" ဟု ဆိုနိုင်ပြီး လူအများနားလည်အောင် ယခုကဲ့သို့ရှင်းပြနိုင်ပါသည်-**

"**MSME** ဆိုသည်မှာ **ကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း** လုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့် လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေး စက်ရုံတွေအဆုံး အားလုံးကို ခြုံငုံခေါ်ဆိုခြင်း ဖြစ်ပါသည်။" ဤလုပ်ငန်းများသည် **စီးပွားရေးအပြင် အလုပ်အကိုင် အခွင့်အလမ်းပေးခြင်း**အတွက်ပါ အလွန်အရေးကြီးပါသည်။

နိုင်ငံတိုင်းသည် MSME များကို အားပေးကြသော အဓိကအကြောင်းရင်းမှာ ၎င်းလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ **"အဓိကကျောရိုး"** ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

**"နိုင်ငံတစ်နိုင်ငံမှာကားတွေ၊ အဆောက်အအုံကြီးတွေချည်းပဲရှိပြီး လမ်းဘေးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ ကားပြင်ဆိုင် မရှိဘူး၊ ဈေးသည်တွေ မရှိဘူးဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။ လူတွေနေထိုင်လို့ မဖြစ်နိုင်ဘူး မဟုတ်လား။ MSME တွေဟာ လူနေမှုဘဝရဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် အောက်ပါအကြောင်းတွေကြောင့် အလွန်အရေးကြီးလို့ နိုင်ငံတိုင်းက မပါမဖြစ် အားပေးကြတာပါ။"**

အသေးစိတ်ရှင်းပြရမည်ဆိုပါက-

**၁။ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်း**

စက်ရုံကြီးတစ်ခုက အလုပ်သမား ၅၀၀ ပဲ ခန့်နိုင်မယ်။ သို့သော်လည်း MSME ၅၀၀ မှ အလုပ်သမား ထောင်နှင့်ချီ၍ ခန့်ထားနိုင်ပါသည်။ နိုင်ငံတကာ စာရင်းများအရ MSME များသည် **အလုပ်အကိုင် ၇၀-၉၀ ရာခိုင်နှုန်း**ကို ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ MSME များသည် လူငယ်များ၊ ပညာတတ်များ၊ ကျေးလက်နေလူတန်းစားများအတွက် အလုပ်အကိုင် ရရှိရန်အဓိကလမ်းကြောင်းပင် ဖြစ်ပါသည်။

**၂။ စီးပွားရေး တည်ငြိမ်မှုရှိခြင်း**

နိုင်ငံခြားကုမ္ပဏီကြီးတွေက စီးပွားရေး မကောင်းပါက ထွက်သွားနိုင်သော်လည်း ဒေသခံ MSME များမှာမူ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ဤနေရာမှာပဲ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ပြီး ၎င်းတို့သည် စီးပွားရေးအတွက် **"ချိတ်ဆက်တံတား"** ကဲ့သို့ပင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

**၃။ ဆန်းသစ်တီထွင်မှုများ ပေါ်ထွက်လာနိုင်ခြင်း**

လုပ်ငန်းကြီး၊ ကုမ္ပဏီကြီးများတွင် စည်းကမ်းများပြီး ဆန်းသစ်မှုများ နှေးကွေးနေတတ်သော်လည်း MSME လုပ်ငန်းများမှာ ဈေးကွက်လိုအပ်ချက်ကို မြန်မြန်သိပြီး ပြောင်းလဲနိုင်စွမ်း မြင့်မားခြင်း၊ နည်းပညာအသစ်၊ ဝန်ဆောင်မှုအသစ်၊ ထုတ်ကုန်အသစ်များကို ရဲရဲတင်းတင်း စမ်းသပ်နိုင်ကြပါသည်။ ဥပမာ - Google ၊ Apple တို့ကဲ့သို့ ကုမ္ပဏီကြီးများမှာလည်း MSME ကဲ့သို့ အသေးစားကနေ စတင်ခဲ့ခြင်း ဖြစ်ပါသည်။



**၄။ ဝင်ငွေညီမျှမှုကို မြှင့်တင်ပေးခြင်း**

ဒေသထွက် ကုန်ကြမ်းများကို ဒေသခံများကပဲ လုပ်ကိုင်ကာ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သဖြင့် ငွေကြေးအင်အား အနည်းငယ်သာ ရှိသူများကိုတောင်မှ စီးပွားရေး စတင်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများပေးပါသည်။ ဤအရာသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချရာမှာ အထိရောက်ဆုံးနည်းလမ်း တစ်ခုပဲဖြစ်ပါသည်။

**၅။ နိုင်ငံခြားဝင်ငွေ ရရှိစေခြင်း**

MSME များသည် ပြည်တွင်းတွင် ထုတ်လုပ်သည့် လက်မှုပစ္စည်းလုပ်ငန်း၊ ခရီးသွားဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်း၊ ရေခဲမုန့်လုပ်ငန်း စသည့် အသေးစား လုပ်ငန်းများ၏ တင်ပို့ရောင်းချမှုမှတစ်ဆင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ပါသည်။

**အချုပ်ဆိုရသော်** MSME များသည် စီးပွားရေးကို စတင်သည့် အင်ဂျင်များဖြစ်ပြီး ၎င်းတို့သည် လူမှုရေး တည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုအတွက် အခြေခံအုတ်မြစ်ကို ချပေးပါသည်။ ထို့ကြောင့် နိုင်ငံတကာတွင် MSME များကို ငွေကြေးထောက်ပံ့ခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးခြင်းတို့ကို ပံ့ပိုးကူညီပေးနေကြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံအတွက်မူ MSME ကို ဖွံ့ဖြိုးအောင် လုပ်ဆောင်သည့်နေရာတွင် အခြားနိုင်ငံများနှင့် မတူဘဲ စိုက်ပျိုးရေးနှင့်ဆက်စပ်သော လုပ်ငန်းများကို အဓိကထားစဉ်းစားဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် MSME များကို အောင်မြင်အောင် လုပ်ဆောင်ရာမှာ ကျွန်တော်တို့၏ **အားသာချက်ဖြစ်သော စိုက်ပျိုးရေးကနေ စတင်ရမည်** ဖြစ်ပါသည်။ **လယ်ယာထွက်ကုန်တွေကို မူလအတိုင်း ရောင်းချခြင်းထက် ပြုပြင်ပြီး တန်ဖိုးမြှင့် (Value Added) ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေဆောင်ရွက်နိုင်ခြင်း** သည် အောင်မြင်မှု၏ အဓိကသော့ချက်ပင် ဖြစ်ပါသည်။

**အသေးစိတ် လုပ်ဆောင်နိုင်သည့် နည်းလမ်းများမှာ-**

၁။ **စိုက်ပျိုးရေးဆိုင်ရာ MSME (Agri-based MSMEs)** များကို **ဦးစားပေးဖွံ့ဖြိုးအောင် လုပ်ဆောင်ခြင်း**ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ဥပမာ- ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်နီ၊ သစ်သီးဝလံများကို သီးနှံအခြောက်ခံခြင်း၊ ငါးပိ၊ ငါးခြောက်၊ သစ်သီးယိုများ၊ ရှမ်းခေါက်ဆွဲ၊ မြန်မာ့ဆန်မှုန့်နှင့် ပြုလုပ်သော မုန့်မျိုးစုံကို ကျန်းမာရေးနှင့်ညီညွတ်ပြီး ထုပ်ပိုးမှု သေသပ်လှပအောင် လုပ်ဆောင်ပြီး ပြည်တွင်း/ ပြည်ပဈေးကွက်ကို တင်ပို့နိုင်သည့် **အဆင့်မြင့် စားသောက်ကုန်ထုတ်လုပ်ခြင်း၊** လယ်ယာစွန့်ပစ်ပစ္စည်းများ (ဖွဲ၊ ကောက်ရိုး၊ မြက် စသည်) ကို အသုံးပြုပြီး အော်ဂဲနစ်မြေဩဇာလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ပတ်ဝန်းကျင်ကိုပါ ကာကွယ်ရာရောက်သည့် **ဇီဝမြေဩဇာလုပ်ငန်း**များဆောင်ရွက်ခြင်း။

၂။ **စိုက်ပျိုးရေးနောက်ဆက်တွဲ ဝန်ဆောင်မှု လုပ်ငန်းများ** ဖြစ်သည့် လယ်သမားများအတွက် တန်ဖိုးကြီးစက်ယန္တရားများ (စပါးစိုက်စက်၊ ရိတ်သိမ်းစက်) ကို ဝယ်ယူရန် မတတ်နိုင်သည့်အခါ နာရီ/ရက်အလိုက် ငှားရမ်းပေးသည့် **လယ်ယာသုံးပစ္စည်း ငှားရမ်းခြင်းလုပ်ငန်း၊** ကျေးရွာမှ ထွက်ကုန်များကို ဈေးကွက်ရှိရာသို့ ချိတ်ဆက်ပို့ဆောင်ပေးသည့် **သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်** သီးနှံသိုလှောင်ရုံများ ဆောက်လုပ်ပြီး **သိုလှောင်ရေး လုပ်ငန်းများ**ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ **ကျေးလက်ဒေသအခြေပြု ခရီးသွားလုပ်ငန်း** ဖြစ်သည့် ကျေးလက်သဘာဝ အတွေ့အကြုံကို ခံစားလိုသော ခရီးသွားများအတွက် ကျေးရွာများတွင် အိမ်တွင်းမှီခို နေထိုင်မှုစနစ်ဖြင့် ဝန်ဆောင်မှုပေးသော **ကျေးရွာခရီးသွားလုပ်ငန်း၊** လူအများကို လယ်ယာလုပ်ငန်းခွင်ထဲသို့ခေါ်ပြီး စပါးစိုက်ပျိုးမှုအား ကြည့်ရှုခြင်း၊ သီးနှံခူးဆွတ်မှုအား ခွင့်ပြုခြင်း စသည်ဖြင့် အတွေ့အကြုံရရှိနိုင်သော **စိုက်ပျိုးရေး အတွေ့အကြုံ ခရီးသွားအစီအစဉ်များ**ကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ **ဒေသထွက်ပစ္စည်းများကို အခြေခံသော လက်မှုလုပ်ငန်းများ**ဖြစ်သည့် ဒေသခံ အမျိုးသမီးများဖြင့် ရက်လုပ်ပြီး ဒေသထုတ်အထည်များ (ဥပမာ- အင်းလေးထည်၊ ကရင်အင်္ကျီ) ရက်လုပ်ရောင်းချသော **ချည်ထည်နှင့် ရက်ကန်းလုပ်ငန်း၊** ဒေသထွက် ကုန်ကြမ်းများကို အသုံးပြုပြီး ခေတ်မီဒီဇိုင်းများဖြင့် အိမ်သုံးပစ္စည်း၊ အလှဆင်ပစ္စည်းများ ထုတ်လုပ်သော **သစ်၊ ဝါး၊ ကြိမ်များဖြင့် ပြုလုပ်သော ဒေသထွက်ပစ္စည်း လုပ်ငန်း** စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**အောင်မြင်မှုအတွက် အဓိကသော့ချက်များ အနေဖြင့်-**

၁။ ကျေးရွာတစ်ရွာလုံး စုပေါင်းပြီး ကုန်ထုတ်လုပ်မှုအသင်း ဖွဲ့စည်းကာ **ပူးပေါင်းဆောင်ရွက်** လုပ်ကိုင်ခြင်းဖြင့် ဈေးကွက်တင်ပို့နိုင်စွမ်း ပိုမိုများပြားလာမည်ဖြစ်ခြင်း၊

၂။ **ဒစ်ဂျစ်တယ်နည်းပညာ** အသုံးပြုပြီး မိမိထုတ်ကုန်များကို တိုက်ရိုက်ကြော်ငြာ ရောင်းချပြီး အွန်လိုင်းမှတစ်ဆင့် ပြည်တွင်းပြည်ပ ဈေးကွက်ရှာဖွေနိုင်ခြင်း၊

၃။ ထုတ်ကုန်များ၏ **အရည်အသွေးမီခြင်း၊ ထုပ်ပိုးမှု သေသပ်လှပခြင်းများ**ဖြင့် ဈေးနှုန်း ပိုမိုရရှိနိုင်ခြင်းတို့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် **မိမိတို့၏ စိုက်ပျိုးရေးဆိုင်ရာ အားသာချက်များကို အခြေခံပြီး တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်** MSME များကို ဦးစားပေးဖွံ့ဖြိုးအောင် ဆောင်ရွက်မည်ဆိုပါက ကျေးလက်စီးပွားရေးကို ကြီးမားစွာ တိုးတက်လာစေမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

**"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်သည် MSME ကဏ္ဍကို ဗဟိုပြုပြီး အလွန်ကောင်းမွန်သော လမ်းညွှန်မှုပေးခြင်း ဖြစ်ပါသည်။ ဤဆောင်ပုဒ်၏ အနှစ်သာရကို ထိထိမိမိ ဖော်ဆောင်နိုင်မည့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်နိုင်ပါသည်-

ရွှေသီးရန် **မြန်မာ့ရိုးရာ စားဖွယ်တစ်ခုအဖြစ် ပြည်တွင်းထွက်ကုန်ကြမ်း (ဆန်/ထမင်း) ကို ပြုပြင်ပြောင်းလဲပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value-Added Product)** အဖြစ် ရောင်းချသည့် သာဓကတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ ဤသို့သော ပြုပြင်မှုလုပ်ငန်းစဉ်များကို MSME များက လုပ်ဆောင်နိုင်ပြီး နိုင်ငံတွင်း ထုတ်လုပ်မှုကို အမှန်တကယ် အားပေးရာရောက်ပါသည်။

ဤဆောင်ပုဒ်နှင့်အညီ MSME များသည် အောက်ပါအတိုင်း လုပ်ဆောင်သင့်ပါသည်-

**၁။ စားသောက်ကုန်ကဏ္ဍကို စံနမူနာထား တိုးချဲ့ခြင်း**

(က) **ဒေသအလိုက် ရိုးရာအစားအစာများကို စက်ဖြင့်တွဲဖက်လုပ်ကိုင်ခြင်း။** ရွှေသီးကဲ့သို့ မြန်မာ့ရိုးရာ မုန့်ပဲသရေစာများကို MSME များက လက်ရာမပျက် ကျန်းမာရေးနှင့်ညီညွတ်ကာ ထုပ်ပိုးမှု သေသပ်လှပစွာဖြင့် လုပ်ဆောင်နိုင်ပါသည်။ (ဥပမာ- မုန့်ဆန်း၊ ပဲပြား စသည်)

( ခ ) **ဒေသထွက်ပစ္စည်းများကို အခြေခံသော ထုတ်ကုန်များ။** ကျေးရွာတိုင်းလိုလိုတွင် ထူးခြားသော သီးနှံများ ရှိတတ်ပါသည်။ ၎င်းထွက်ကုန်တွေကို ရွှေသီးလို ပြုပြင်ပြီး ဒေသတွင်း ထုတ်ကုန်အဖြစ် သတ်မှတ်ကာ ရောင်းချနိုင်ပါသည်။ (ဥပမာ - တောင်ကြီးမှ ကြံသကာနှင့် ရေးမြို့မှ ဒူးရင်း)

*စာမျက်နှာ ၁၃ သို့*

❑ "နိုင်ငံတစ်နိုင်ငံမှာကားတွေ၊ အဆောက်အအုံကြီးတွေချည်းပဲရှိပြီး လမ်းဘေးမှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှမရှိဘူး၊ ကားပြင်ဆိုင် မရှိဘူး၊ ဈေးသည်တွေ မရှိဘူးဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ။ လူတွေနေထိုင်လို့ မဖြစ်နိုင်ဘူး မဟုတ်လား။ MSME တွေဟာ လူနေမှုဘဝရဲ့ အခြေခံအုတ်မြစ်တွေဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် အောက်ပါအကြောင်းတွေကြောင့် အလွန်အရေးကြီးလို့ နိုင်ငံတိုင်းက မပါမဖြစ် အားပေးကြတာပါ"

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားတက်ရောက်

**ဘားအံ ဖေဖော်ဝါရီ ၂**

(၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် ဇာသပြင် ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရာမညနိကာယကျောင်းတိုက်၌ မွန်စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုဥက္ကဋ္ဌ အိန္ဒြမွန်ကျောင်းဆရာတော်ဘဒ္ဒန္တဝါယမနှင့် ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မွန်အမျိုးသားနေ့ အခမ်းအနားသို့ တက်ရောက်လာသော မွန်တိုင်းရင်းသားများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် မွန်အမျိုးသားနေ့ ကျင်းပသည့် ကွင်းအတွင်းရောက်ရှိရာ အိန္ဒြမွန်ကျောင်းဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မွန်အမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အိန္ဒြမွန်ကျောင်းဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်၍ သဘာပတိအိန္ဒြမွန်ကျောင်းဆရာတော်က အဖွင့်ဩဝါဒကထာမြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်အမျိုးသားနေ့အခမ်းအနားအတွက် ငွေကျပ်၂၅၀၀၀၀၀ ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကွန်ပျူတာတက္ကသိုလ်(ပြည်)၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**ပြည် ဖေဖော်ဝါရီ ၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် (ပြည်)၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာယုဇန ဦးဆောင်သော စီမံခန့်ခွဲရေးနှင့် ပညာရေးသဟာယအဖွဲ့ဝင် ပုဂ္ဂိုလ်များ သတ်မှတ်နေရာယူကြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ပြည်)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့အသီးသီးအတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာပြီးဖြစ်သော ဘွဲ့ရကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ် ဒေါက်တာယုဇနက မိန့်ခွန်းပြောကြားပြီး ဘွဲ့လက်မှတ်များ အသီးသီး အပ်နှင်းချီးမြှင့် ပေးအပ်သည်။

ကွန်ပျူတာတက္ကသိုလ် (ပြည်)၏ (၁၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်အတွက် အဝေးရောက် ဘွဲ့ယူသူများအပါအဝင် ကွန်ပျူတာနည်းပညာ (B.C.Tech)ဘွဲ့နှင့် ကွန်ပျူတာသိပ္ပံ(B.C.Sc)ဘွဲ့ရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀ အား သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

*စာမျက်နှာ ၁၂ မှ*

**၂။ "ကုန်ထုတ်လုပ်မှုကို အားပေးစို့" ဆိုသော ဦးတည်ချက်နှင့် လမ်းကြောင်းသတ်မှတ်ခြင်း**

(က) **ပြည်ပမှီခိုမှုလျှော့ချခြင်း။** နေ့စဉ်လူသုံးကုန်များ (ဆပ်ပြာ၊ အချိုရည်၊ မုန့်ပဲသရေစာ) ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်အောင် MSME များကို အားပေးရမည်ဖြစ်ပါသည်။ ရွှေသီးကို ပြည်ပက ဝယ်စရာမလိုဘဲ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်သကဲ့သို့ဖြစ်ပါသည်။

(ခ) **သွင်းကုန်အစား ပြည်တွင်းထုတ်ကုန်ကို ဦးစားပေးရွေးချယ်စေရန် စည်းရုံးခြင်း (Import Substitution)။ "ရွှေသီးကဲ့သို့ မြန်မာ့ထုတ်ကုန်များကို ဝယ်ယူသုံးစွဲကြပါစို့"** ဆိုသော စည်းရုံးမှုကို လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးနိုင်ပါသည်။

**၃။ "နိုင်ငံတော် ရွှေသီးဖို့" ဆိုသည့် ရည်မှန်းချက်အတွက် လမ်းခင်းပေးခြင်း**

(က) **ကျေးရွာအဆင့် စက်မှုဇုန်ငယ်များ ထူထောင်ခြင်း။** ကျေးရွာများတွင် လယ်ယာထွက်ကုန်များကို အခြောက်ခံသည့်စက်၊ ကြိတ်ခွဲသည့်စက် စသည်တို့ကို ကျေးရွာသားများအားလုံး အသုံးပြုနိုင်သော "စိုက်ပျိုးရေးဆိုင်ရာ စက်မှုဝန်ဆောင်မှု စင်တာ" များကို တည်ထောင်ပေးရမည် ဖြစ်ပါသည်။

(ခ) **ဒစ်ဂျစ်တယ်နည်းပညာနှင့် ချိတ်ဆက်ပေးခြင်း။** ကျေးရွာထွက်ကုန်များကို အွန်လိုင်းမှတစ်ဆင့် တင်ရောင်းနိုင်အောင် ကျေးလက်ဒေသအထိ အင်တာနက်ရောက်ရှိအောင် လုပ်ဆောင်ပြီး ရွှေသီးကို ကျေးလက်ကထုတ်လုပ်ပြီး ရန်ကုန်က အမှာစာ တင်နိုင်ပြီဆိုပါက ဤအရာသည် "ရွှေသီး" မည့် အောင်မြင်မှုတစ်ခုပင်ဖြစ်ပါသည်။

**၄။ အစိုးရ/ အဖွဲ့အစည်းများဘက်က လုပ်ဆောင်ရမည့်အချက်များ**

(က) **ငွေကြေးဆိုင်ရာ အထောက်အပံ့။** MSME များအတွက် အတိုးနှုန်းချိုသာသော ချေးငွေများ ထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။ ရွှေသီးထုတ်စက်ကဲ့သို့ စက်ပစ္စည်းများဝယ်ယူရန် ငွေကြေးပံ့ပိုးကူညီပေးခြင်းဖြင့် ထုတ်လုပ်မှုကို အားပေးရာရောက်ပါသည်။

(ခ) **အတားအဆီးဖြေရှင်းပေးခြင်း။** ကျေးရွာထွက်ကုန်များ မြို့ပြဈေးကွက်သို့ ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး၊ ခွင့်ပြုချက်ယူရသော စီးပွားရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

**"နိုင်ငံတော်ရွှေသီးဖို့၊ ကုန်ထုတ်လုပ်မှုကို အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်သည် MSME များအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေသကဲ့သို့ဖြစ်ပါသည်။ ဤဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေး အသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံး စီးပွားရေးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

လယ်ယာကဏ္ဍတွင် ခေတ်ပညာတတ် လူငယ်များနှင့် တောင်သူများကို ပေါင်းစည်းပြီး MSME များဖြစ်ထွန်းလာစေခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးအနာဂတ်အတွက် သော့ချက်ပင် ဖြစ်ပါသည်။

"ခေတ်ပညာတတ်လူငယ်များတွင် **ဈေးကွက်ဗျူဟာ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ ရှိပါသည်။** တောင်သူလယ်သမားများတွင် **မြေယာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ လုပ်ငန်းသဘောသဘာဝ**အပေါ် နားလည်တတ်ကျွမ်းမှု ရှိပါသည်။ ၎င်းအရည်အချင်းနှစ်မျိုးကို **'တစ်ပေါင်း တစ်စည်းတည်း'** ဖြစ်အောင် ပေါင်းစပ်နိုင်မည်ဆိုပါက အင်အားအလွန်ပင် ကြီးလာမည်ဖြစ်ပါသည်။ ဤသို့ ပေါင်းစည်းနိုင်ရန် လူငယ်များဘက်ကလည်း စိတ်ဝင်စားလာအောင်၊ တောင်သူတွေဘက်ကလည်း ယုံကြည်လက်ခံလာအောင် ပြုလုပ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။"

ဤသို့ စည်းရုံးဆောင်ရွက်ရာမှာ လက်တွေ့ကျသော နည်းဗျူဟာများအနေဖြင့် -

**၁။ စိတ်ခံစားမြင်ကွင်းပြောင်းပေးခြင်း**

(က) **လူငယ်များကို** "စိုက်ပျိုးရေးဆိုသည်မှာ ညစ်ပတ်ပြီး ပင်ပန်းသည့် အလုပ်မဟုတ်ဘဲ ယခုခေတ်တွင် Agripreneur (စိုက်ပျိုးရေး ဆန်းသစ်တီထွင်လုပ်ငန်းရှင်) များ ဖြစ်လာနိုင်ကြောင်း၊ အင်တာနက်မှတစ်ဆင့် ကုန်စည်ရောင်းဝယ်နိုင်ခြင်း၊ ကိုယ်ပိုင် အမှတ်တံဆိပ်နှင့် ထုပ်ပိုးပြီး ပြည်ပတင်ပို့နိုင်ခြင်း စသည်ဖြင့် ခေတ်မီသော စီးပွားရေးလုပ်ငန်းခွင် ဖြစ်ကြောင်း သတင်းစကားများကို ပေးရမည်ဖြစ်ပါသည်။

(ခ) **တောင်သူများအား** ပညာတတ်လူငယ် သမီး/သားများသည် ထွက်ကုန်ကို ဈေးပိုမိုရရှိနိုင်အောင်၊ ပြည်ပသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သော **"ဒစ်ဂျစ်တယ်လက်နက်"** များ ရှိကြကြောင်းကို ရှင်းပြပေးရမည် ဖြစ်ပါသည်။

**၂။ လက်တွေ့ကျသော စမ်းသပ်စရာနမူနာများ ဖန်တီးပြခြင်း**

(က) **အောင်မြင်မှုဖြစ်စဉ်များကို မျှဝေခြင်း။** ဥပမာအားဖြင့် ကျေးရွာတစ်ရွာက လူငယ်နှင့် တောင်သူများ စုပေါင်းထုတ်လုပ်ဆောင်ရွက်သည့် ခရမ်းချဉ်သီးခြောက်လုပ်ငန်း အောင်မြင်လာသည့်အကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ရောင်းချခြင်းဖြင့် ဝင်ငွေတိုးလာခြင်းအကြောင်း စသည့် အောင်မြင်မှုပုံရိပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဖြန့်ဝေပေးနိုင်ပါသည်။

(ခ) **စမ်းသပ်ခြံစိုက်ခင်း ဖွင့်လှစ်ပေးခြင်း။** ကျေးရွာများတွင် နည်းပညာသုံးပြီး စိုက်ပျိုးမည့် စမ်းသပ်ခြံကြီးတစ်ခုပြုလုပ်ကာ လူငယ်များက နည်းပညာပိုင်းကို ကြည့်ရှု စောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ တောင်သူများက စိုက်ပျိုးရေးအတွေ့အကြုံပေးခြင်းဖြင့် လည်းကောင်း အတူတကွလုပ်ကိုင်ဆောင်ရွက်ခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။

**၃။ ငွေကြေးနှင့် နည်းပညာ အထောက်အပံ့ပေးခြင်း**

(က) **အစပျိုးရန်ပုံငွေ။** အစိုးရ (သို့မဟုတ်) အလှူရှင်အဖွဲ့အစည်းများမှ လူငယ်-တောင်သူအတွဲများကို ချေးငွေ (သို့မဟုတ်) ရန်ပုံငွေ အသေးစားထုတ်ပေးခြင်းမျိုး ဆောင်ရွက်ရပါမည်။ (ဥပမာ- သီးနှံအခြောက်ခံစက် တစ်လုံးဝယ်ရန် ငွေကြေးကူညီပေးခြင်း)

(ခ) **နည်းပညာနှင့်လေ့ကျင့်သင်ကြားမှုပေးအပ်ခြင်း။** ကျေးရွာများတွင် အင်တာနက်အခြေပြုဈေးကွက်ရှာဖွေနည်း၊ ငွေကြေးစီမံခန့်ခွဲနည်း၊ ကောင်းမွန်သော စိုက်ပျိုးနည်းစနစ် (Good Agricultural Practi-ces – GAP) စသည်ဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ပါသည်။

**၄။ အသိုင်းအဝိုင်းနှင့် ကွန်ရက်ချိတ်ဆက်ပေးခြင်း**

(က) **လူငယ်နှင့် တောင်သူချိတ်ဆက်ပွဲများ ပြုလုပ်ပေးခြင်း။** ကျေးရွာခန်းမများတွင် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် လူငယ်များ၏ စိတ်ကူးစိတ်သန်းများ၊ တောင်သူကြီးများ၏ လုပ်ငန်းလိုအပ်ချက်နှင့် အခက်အခဲများအား ပြောဆိုဆွေးနွေးခွင့်ရရှိအောင် ချိတ်ဆက်ပေးနိုင်ပါသည်။

(ခ) **အောင်မြင်မှုဖြစ်စဉ်ကို "ပြန့်ပွားအောင်" လုပ်ဆောင်ပေးခြင်း။** ကျေးရွာတစ်ရွာမှ အောင်မြင်သွားသည့် လူငယ်နှင့် တောင်သူအတွဲကို နီးစပ်ရာကျေးရွာများသို့ သွားရောက်ဟောပြောစေပြီး ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေစေခြင်းဖြင့် ရွာသူရွာသားများ ပိုမိုနားဝင်အောင် လုပ်ဆောင်ပေးနိုင်ပါသည်။

**အဓိကသော့ချက်အနေဖြင့်** လူငယ်များကို **"သူတို့မပါရင် မဖြစ်ဘူး"** ဆိုသည့် စိတ်ခံစား မြှင့်တင်ပေးခြင်း၊ တောင်သူများကို **"ဤနည်းပညာအသစ်တွေကသူတို့အတွက်လက်တွေ့အသုံးဝင်တယ်"** ဆိုသော ယုံကြည်မှုမျိုးကို တည်ဆောက်ပေးနိုင်မှသာ နှစ်ဦးနှစ်ဖက် အကျိုးရှိရှိပူးပေါင်းပြီး ကျေးရွာစီးပွားရေးများကို အတူတကွ တည်ဆောက်နိုင်ကြမှာဖြစ်ပါကြောင်း တင်ပြအပ်သည်။ ။

# ဗီယက်နမ်နိုင်ငံက ၂၀၂၆ ခုနှစ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၆ ဘီလီယံမှ ၅၅၀ ဘီလီယံအထိရရှိရန် မျှော်မှန်းထား

**ဟန္နိုင်း ဖေဖော်ဝါရီ ၂**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်အတွင်း ပို့ကုန်တိုးတက်မှုနှုန်း ၁၅ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းအထိ ရောက်ရှိရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၂ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

ဗီယက်နမ်သည် လအလိုက်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံမှ စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၆ ဘီလီယံမှ ၅၅၀ ဘီလီယံအထိ ရောက်ရှိရေး မျှော်မှန်းထားကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။

အဆိုပါ ဝန်ကြီးဌာနသည် ၂၀၂၆ ခုနှစ်နှင့် ယင်းနောက်ပိုင်းတွင် ပို့ကုန်တိုးတက်မှုနှုန်း အရှိန်အဟုန်ကိုမြှင့်တင်ရန် အဓိကလုပ်ဆောင်ချက် ခြောက်ရပ်ကို ချမှတ်ထားပြီး ယင်းကို ယခုနှစ်အစပိုင်းမှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ကဏ္ဍဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၇၅ ဒသမ ၀၄ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၇ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ၊**

**ဓာတ်ပုံ – Nhan Dan Online**






# အာဖဂန်နစ္စတန်နိုင်ငံ၌ ကလေးငယ် ခုနစ်သန်းကျော်ကိုဦးတည်ကာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုစတင်

**ကဘူးလ် ဖေဖော်ဝါရီ ၂**

အာဖဂန်နစ္စတန် နိုင်ငံသည် အသက်ငါးနှစ်အောက် ကလေး ၇ ဒသမ ၃ သန်းကျော်ကို ပိုလီယိုဗိုင်းရပ်စ်တိုက်ဖျက်ရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၏ ပထမဆုံးအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လေးရက်ကြာ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ နိုင်ငံ၏ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၁၈ ခုအတွင်း ကလေးများအား တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှာရာဖက် ဇာမန်အမ်အာခယ်က ပြောကြားသည်။

အဆိုပါလှုပ်ရှားမှု အောင်မြင်စေရန် ကျန်းမာရေးဝန်ထမ်းများနှင့် အပြည့်အဝပူးပေါင်းရန် အမ်အာခယ်က မိဘပြည်သူများကို တိုက်တွန်းထားသည်ဟု ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်နစ္စတန်၌ ၂၀၂၆ ခုနှစ် ယခုအချိန်အထိ ပိုလီယိုရောဂါဖြစ်ပွားသူ မတွေ့ရှိသေးသော်လည်း ၂၀၂၅ ခုနှစ်က ရောဂါဖြစ်ပွားသူ ကိုးဦးထက်မနည်းရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နှင့် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံသည် ပိုလီယိုဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို မရပ်တန့်နိုင်သေးသည့် ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံအနည်းငယ်ထဲတွင် ပါဝင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

# အိုပက်ပလပ်စ်က မတ်လတွင် ရေနံတိုးမြှင့်ထုတ်လုပ်မည့်အစီအစဉ်ကို ဆက်လက်ဆိုင်းငံ့

**ဗီယင်နာ ဖေဖော်ဝါရီ ၂**

ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (အိုပက်) နှင့် ၎င်း၏ မဟာမိတ် အိုပက်ပလပ်စ်အဖွဲ့တို့သည် မတ်လတွင် ရေနံတိုးမြှင့်ထုတ်လုပ်မည့်အစီအစဉ်ကို ဆက်လက်ဆိုင်းငံ့ထားရန် ဖေဖော်ဝါရီ ၁ ရက်တွင် ဆုံးဖြတ်ခဲ့ကြကြောင်း အိုပက်က ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အခြေအနေများနှင့် စီးပွားရေးဆိုင်ရာ ရှေ့အလားအလာများကို ပြန်လည်ဆန်းစစ်သုံးသပ်ချက်များလုပ်ဆောင်ရန် ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ယူအေအီး၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်ဂျီးရီးယားနှင့် အိုမန်နိုင်ငံတို့ အပါအဝင် အိုပက်ပလပ်စ်အဖွဲ့ဝင်နိုင်ငံများ၏ အွန်လိုင်းအစည်းအဝေးပြီး ယင်းဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အိုပက်ပလပ်စ်အဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၅ ခုနှစ် ဧပြီလနောက်ပိုင်း ရေနံထုတ်လုပ်မှုကို လစဉ် တိုးမြှင့်ထုတ်လုပ်လျက်ရှိကြောင်း၊ သို့သော်လည်း ၂၀၂၆ ခုနှစ် ပထမသုံးလအတွင်း ရေနံတိုးမြှင့်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားရန် ပြီးခဲ့သည့်နိုဝင်ဘာလနှောင်းပိုင်းတွင် ဆုံးဖြတ်ခဲ့ကြကြောင်းသိရသည်။ အိုပက်အဖွဲ့ဝင်နိုင်ငံများသည် နောက်ထပ်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး မတ်လ ၁ ရက်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း အိုပက်က ပြောသည်။ **ဆင်ဟွာ**




ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ဌာနချုပ်။

# ဂျပန်နိုင်ငံ၌ ဆီးနှင်းထူထပ်စွာကျဆင်းမှုနှင့် ဆက်စပ်သောဖြစ်ရပ်များကြောင့် ၂၇ ဦးသေဆုံး

**တိုကျို ဖေဖော်ဝါရီ ၂**

ဂျပန်နိုင်ငံ၌ ဆိုးရွားပြင်းထန်သော ဆောင်းရာသီဥတု အခြေအနေများနှင့် ဆီးနှင်းထူထပ်စွာကျဆင်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် လွန်ခဲ့သည့် ၁၄ ရက်အတွင်း ၂၇ ဦး သေဆုံးမှုဖြစ်ပွားကြောင်း မီးသတ်နှင့်ဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက်အထိ ရရှိထားသော စာရင်းဇယားများအရ ဂျပန်ပင်လယ်ကမ်းရိုးတန်းရှိ နီအီဂတာခရိုင်တွင် ၁၂ ဦး၊ နိုင်ငံမြောက်ပိုင်း အကိတာခရိုင်တွင် ခြောက်ဦး၊ ဟော့ကိုင်းဒိုးခရိုင်တွင် သုံးဦး၊ အိဝါတဲ၊ ယာမာဂတာနှင့် ရှိမာနဲခရိုင်တို့တွင် တစ်ဦးစီ သေဆုံးကြောင်း သိရသည်။

ဆီးနှင်းထူထပ်စွာ ကျဆင်းမှုနှင့် ဆက်စပ်သောဖြစ်ရပ်များကြောင့် လူပေါင်း ၂၉၀ မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ ပြင်းထန်မှုရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# အင်ဒိုနီးရှားနိုင်ငံ၌ မြေပြိုမှုကြောင့် ရှာဖွေမှုများ ပြုလုပ်ပြီး သေဆုံးသူအားလုံးကို ပြန်လည်တွေ့ရှိ

**ဂျကာတာ ဖေဖော်ဝါရီ ၂**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ မြေပြိုမှုဖြစ်ပွားပြီးနောက် ရှာဖွေမှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်တွင် ပြန်လည်တွေ့ရှိသည့် သေဆုံးသူအရေအတွက်မှာ ၈၀ ရှိကြောင်း ဒေသတွင်းမီဒီယာ Kompas.com က ထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သေဆုံးသူအားလုံးကိုပြန်လည်တွေ့ရှိပြီး ဆယ်ယူနိုင်ခဲ့ကြောင်း ဘန်ဒေါင်းရှာဖွေရေးနှင့်ကယ်ဆယ်ရေးရုံးမှ အကြီးအကဲဖြစ်သူ Ade Dian Per–mana ၏ ပြောကြားချက်ကို သတင်းဝက်ဘ်ဆိုက်က ဖော်ပြထားသည်။

အနောက်ဘန်ဂေါ Cisarua ဒေသ၌ ဇန်နဝါရီ ၂၄ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ မိသားစု ၁၆၄ စုမှ လူပေါင်း ၅၆၄ ဦးကို နေရာပြောင်းရွှေ့ပေးခဲ့ပြီး ၁၅၈ ဦးမှာ ထိခိုက်ခဲ့ရကာ နေအိမ် ၄၈ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံသည် အောက်တိုဘာလမှ မတ်လအတွင်း ကျရောက်သည့် မိုးရာသီကာလတွင် ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ



ပုသိမ် ဖေဖော်ဝါရီ ၂

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မင်္ဂလာရွှေမောင်းကို တီးခတ်၍ ပြိုင်ပွဲစတင်သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က နှစ်သိမ့်ဆုရရှိသည့် အသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တတိယဆုရရှိသည့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အသင်း၊ ဒုတိယဆုရရှိသည့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အသင်းနှင့် ပထမဆုရရှိသည့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသင်းတို့အား ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပုသိမ်မြို့ သဒ္ဓမ္မသီတဂူမဟာစည်သာသနာ့ရိပ်သာတောရကျောင်းတိုက်၏ ကျောင်းတိုက်တည်နှစ် (၁၅၀) ပြည့် သမ္မာပဋိပတ် အကျင့်မြတ်ပူဇော်ပွဲ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တစ်နေ့တာ ဆွမ်းအလှူငွေများကို ဆက်လက်လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ ဆောက်လုပ်ဆဲဆွမ်းစားဆောင်၊ ဘုရားဆင်းတုတော်များအပါအဝင် ဘုရားကျောင်းဆောင်တော်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမနှင့် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ပဒ္မဝတီခန်းမတို့၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆွေးနွေးပွဲများသို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(မြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုလူငယ်များက အတွေ့အကြုံများရှင်းလင်းတင်ပြခြင်း အခမ်းအနားတက်ရောက်

**စစ်တွေ ဖေဖော်ဝါရီ ၂**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သို့ တက်ရောက်ခဲ့သော ရခိုင်ပြည်နယ် ကိုယ်စားပြုလူငယ်များက အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး ရခိုင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များက "လေးဝတီ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်ခဲ့မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်ခဲ့သော ရခိုင်ပြည်နယ် ကိုယ်စားပြုလူငယ် ကိုယ်စားလှယ်များက အတွေ့အကြုံများ ရှင်းလင်းတင်ပြကြရာ အခမ်းအနားတက်ရောက်လာကြသည့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆ "လူငယ့်အသံ လူငယ့်အားမာန်" ဗီဒီယို၊ အဆိုတော် J Fire ၏ National Peace သီချင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တွင် ရခိုင်ပြည်နယ် ကိုယ်စားပြုလူငယ်များ၏ လှုပ်ရှားမှု ဗီဒီယို၊ Painting for Peace နှင့်ပတ်သက်၍ လူငယ်ကိုယ်စားလှယ်များ၏ အတွေးပုံရိပ်ပန်းချီများ၊ ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များ၏ လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်များက "ရခိုင်တို့မြေ လာခဲ့လေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) ကြေညာစာတမ်းကို ရခိုင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကန့်ဘလူခရိုင် ကန့်ဘလူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူဥယျာဉ်ခြံသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။



**စိုက်ပျိုးထားရှိမှုကြည့်ရှု**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က GAP စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် သီးနှံများအား ပြည်သူများဈေးနှုန်းသင့်တင့်စွာ စားသုံးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတုဆေးများမသုံးစွဲရေးနှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ခြံအတွင်း စိန်တစ်လုံးသရက်၊ ကြက်သွန်သီးညှပ်စိုက်ပျိုးထားရှိမှုနှင့် သရက်စိုက်ကွင်းအတွင်း ပိုက်ဆံလျှော်မျိုးစေ့ထုတ် သီးညှပ်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကန့်ဘလူမြို့ အမှတ်(၅) ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းရှိ တစ်ထပ် ကျောင်းဆောင်အဟောင်း အမိုး၊ အကာ၊ အခင်းနှင့် မျက်နှာကြက်များ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ အဆိုပါကျောင်း၏ ဘင်ခရာအဖွဲ့အား ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ပြီး ခရိုင်/မြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့်တွေ့ဆုံကာ ကျောင်းသန့်ရှင်းသာယာရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားကာ ဆရာဆရာမများအတွက် ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ဆက်လက်၍ ကန့်ဘလူမြို့ အစိုးရစက်မှုလက်မှု(သိပ္ပံ)၌ ကျောင်းအဝင်လမ်း ကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး စုပေါင်းရုံး ရွှေဆည်မြိုင်ခန်းမ၌ ပြုလုပ်သည့် အမျိုးသားဆံသသင်တန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**

# ဒဂုံတက္ကသိုလ်၌ (၇၉) ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ (၇၉) ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်က အဆိုပါတက္ကသိုလ်ရှိ စီမံအဆောက်အအုံ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်ဘာသာရပ်ဌာနများမှ ဝင်ရောက်ယှဉ်ပြိုင်ပြီး မြန်ဆန်မှု၊ အနံ့၊ အရောင်၊ အရသာ ကောင်းမွန်မှု၊ သန့်ရှင်းမှု၊ စည်းလုံးမှု၊ အားပေးမှု၊ ဝတ်စားဆင်ယင်မှုတို့ကို အဆင့်ဆင့်အကဲဖြတ်အမှတ်ပေးကြရာ ပထမဆုကို မြန်မာစာဌာန၊ ဒုတိယဆုကို သတ္တဗေဒဌာန၊ တတိယဆုကို ရူပဗေဒဌာနတို့ ရရှိခဲ့ကြောင်း သိရသည်။ **ဖွဲ့မင်းထက်(မြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အင်္ဂလိပ်စာဘာသာရပ် သိကောင်းစရာ

ဒေါက်တာဖြူဖြူသင်း၊ ပါမောက္ခ(ဌာနမှူး)၊ အင်္ဂလိပ်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမည့် ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit(၁၂)ခု ပါရှိပြီး Unit (၃) ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာ ဖြစ်ပါတယ်။ အဲဒီ မေးခွန်းတွေ အများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ ကတော့ Complete the sentences with the appropriate words. The initial letters are given. ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

In some areas, hydroelectric dams use the energy of flowing water to g---------- electricity. လို့ ပေးထားရင် သင့်လျော်တဲ့ စကားလုံးဖြစ်တဲ့ generate ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ မေးခွန်းနံပါတ် ၂ ကတော့ Choose the appropriate words or phrases to complete the sentences. ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီ ဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

For many people these days, a mobile phone is no longer a luxury but a ----------. ဆိုတဲ့မေးခွန်းမှာ

(A) need (B) necessity (C) demand

လို့ ပေးထားရင် အဖြေမှန်ဟာ (B) necessity ဖြစ်ရပါမယ်။ နောက်ဥပမာတစ်ခုဖြစ်တဲ့

Coffee was one thing that ---------- me get through the morning.

(A) let (B) felt (C) helped

လို့ ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်တဲ့အဖြေဟာ (C) helped ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါကို မှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ၊ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၃ အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် Rewrite the sentences according to the instructions given in brackets. လို့ မေးထားတယ်။ ဝါကျ(၁၀)ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10, Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်း ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ –

Thu Thu didn’t go to the get–together party because she had to work late. (Use the zero/ first/ second/ third conditional.) လို့ မေးလာခဲ့ရင်

If Thu Thu had not had to work late, she would have gone to the get–together party./

သို့မဟုတ်

Thu Thu would have gone to the get–together party if she had not had to work late. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဖြေဆိုရာမှာ Subordinate clause ဖြစ်တဲ့ If clause ကို ရှေ့ကထားရေးမယ်ဆိုရင် ‘,’ ကို မဖြစ်မနေထည့်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် IV မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေကို ကျေကျေညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV (A) ကတော့ Write the appropriate words or groups of words to complete the lines of verse. လို့ မေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

And looked down one as far as I could
To where it bent in ----------;

လို့ မေးရင် the undergrowth လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV (B) ကတော့ Answer the questions in complete sentences. ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။

ဥပမာ –

Why are diet and nutrition considered the most fundamental human needs? လို့မေးရင်

Diet and nutrition are considered the most fundamental human needs because they are essential for our health, energy and growth.လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း နှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာ တစ်ခုကတော့

Yet knowing how way leads on to way,
I doubted if I should ever come back.

လို့ ကဗျာထဲက စာကြောင်း နှစ်ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီ ကဗျာ နှစ်ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၅ ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။ V (A) က Write the correct word or words to complete each sentence. ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ “As a result, the amount of carbon dioxide ($CO_2$) in the atmosphere is increasing dramatically.” လို့ပေးထားပြီး “We may have a --------- in the amount of atmospheric carbon dioxide if we continue to use fossil fuel.” လို့ မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့ မရပါဘူး။ စာပိုဒ်ထဲက is increasing dramatically” ဟာ verb phrase ဖြစ်နေပြီး မေးထားတဲ့ဝါကျမှာ ဖြေရမဲ့အဖြေဟာ noun phrase ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ dramatic increase ဖြစ်ပါတယ်။

V (B) ကတော့ “Answer each question in one sentence. ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့် ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့ လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ “… the Earth is running out of fossil fuels, which means that there is a need for alternative sources of energy for use on a wide scale.” လို့ပေးထားပြီး Why do we need alternative sources of energy for our day–to–day life? လို့မေးထားရင် အဖြေက “ We need alternative sources of energy for our day–to–day life because the Earth is running out of fossil fuels.” လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ် ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက် ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

မေးခွန်း နံပါတ် ၆ ကတော့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့ စာပိုဒ်များပါတဲ့ unseen reading passage ကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂မျိုးနဲ့မေးမှာ ဖြစ်ပါတယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေပါတဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလို မေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသား ကျောင်းသူအများစုဟာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။

VI (A) ကတော့ “Find the bold–faced words in the passage that are similar in meaning to the following. There is an extra.” ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစု ၅ ခု ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– miserable လို့မေးထားလျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ မေးခွန်းရဲ့အဖြေမှန် melancholic ကို ရေးပေးရမှာဖြစ်ပါတယ်။

VI (B) ကတော့ Answer the following questions. Give complete answers. ပဲဖြစ်ပါတယ်။

မေးခွန်းရဲ့မေးထားတဲ့အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။ According to the passage, what does the writer suggest? Do you agree with it, and why or why not? လို့မေးရင် စာရေးဆရာရဲ့ အကြံပြုချက်၊ ထင်မြင်ယူဆချက် စတဲ့အကြောင်းအရင်းကို မေးတာဖြစ်ပါတယ်။ အဲတော့ အဖြေက According to the passage, the writer suggests that the best way to lead a life is to live in the moment.

အဲဒီနောက်က မေးတဲ့ Do you agree with it, … ကတော့ ကိုယ်က စာရေးဆရာရဲ့ အမြင်နဲ့ပတ်သက်ပြီး သဘောတူ မတူမေးတာဖြစ်လို့ “Yes or No” ဖြေပေးရမှာပါ။ ဒ့ါအပြင် “… and why or why not?” လို့ မေးတာဖြစ်တဲ့အတွက် ကိုယ်ဘာကြောင့်သဘောတူလဲ၊ မတူဘူးလဲဆိုတဲ့ အကြောင်းအရင်းကို ဖြေပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် သဘောတူရင်

Yes, (I agree with it) because it is important to concentrate on the present situation rather than the past and the future. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

သဘောမတူရင်တော့

No, (I do not agree with it) because we need to consider all the consequences of the past and take the previous lesson based on the mistakes we made. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒါကတော့ ဥပမာ ဖြေပေးထားတာဖြစ်ပါတယ်။ ဆီလျော်မှန်ကန်တဲ့ အဖြေဆိုရင် လက်ခံပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုး ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၇ ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, 11, 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (A) ကတော့ Complete the dialogue with the expressions given in the box. There is an extra. လို့ ပေးထားမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ် ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ Expression တစ်ခု ပိုပေးထားပါတယ်။

ဥပမာ–

Thinzar: Hi, Su Mon. We haven't seen each other since the beginning of the Thidingyut holiday. (1) ----------?

Su Mon: I went on a trip to Bagan with my cousins. After the trip, I helped my mum with the housework.

လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ What have you been doing? လို့ ဖြေပေးရပါမယ်။

ဒုတိယပိုင်းကတော့ Grade 6 to Grade 12 တွေမှာပါတဲ့ Listening and Speaking အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (B) ကတော့ Complete the exchanges using the expressions given in the box. There is an extra. လို့ပေးထားမှာ ဖြစ်တယ်။ ဒီအပိုင်းကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း Expression တစ်ခု ပိုပေးထားပါတယ်။

မေးခွန်းနံပါတ် ၈ ကတော့ Letter writing ဖြစ်ပြီး Choose a situation given below and write a letter. Do not write more than 300 words. လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11, Grade 12 စာအုပ်တွေမှာပါတဲ့ Formal letter နဲ့ Informal letter များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser) နဲ့ စာလက်ခံရရှိမယ့်သူ (Addressee) တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့ လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။

ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှစ်ခုလဲဆိုတာ သေသေချာချာ ဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are Kyi Pyar. Your address is No.31, 31st Street, Mandalay. Write a letter to your friend, Muyar, telling her about a birthday party at home, informing what your plans are for it, and inviting her to come and help you at the party.

ဆိုတဲ့ မေးခွန်းကိုကြည့်ရင် addresser က Kyi Pyar ဖြစ်ပြီး addressee က Muyar ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်သုံးချက် ပါပါတယ်။ ပထမအချက်က a birthday party at home အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် informing what your plans are for it လို့မေးထားတဲ့အတွက် ကိုယ့်ရဲ့ Plans တွေအကြောင်းကို ပြောပြရမှာပါ။ တတိယအချက်အနေနဲ့ inviting her to come and help you at the party. လို့ မေးထားတဲ့အတွက် သူမကို လာဖို့နဲ့ မွေးနေ့ပွဲမှာ ကူညီပေးဖို့ ဖိတ်ခေါ်ရန်အတွက် ရေးသားရမှာဖြစ်ပါတယ်။ အချက်သုံးချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

မေးခွန်းနံပါတ် ၉ ကတော့ Essay ဖြစ်ပြီး Write an essay on ONE of the following. Do not write more than 500 words. ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ –

The importance of time management for success in school and life ဆိုတဲ့ စာစီစာကုံးမှာ ကျောင်းနဲ့ဘဝမှာအောင်မြင်စေဖို့ အချိန်စီမံခန့်ခွဲမှုအရေးပါပုံကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမည့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမည့်အကြောင်းအရာနှင့်စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာအချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့ အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။

နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကို သုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန် သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေ ကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ်၊ ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမည့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့၊ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင် နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ။

## ပန်းတနော်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ ဆွေးနွေး

**ပန်းတနော် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့၌ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က ပြည်လုံးချမ်းသာသာသနာ့ဗိမာန်နှင့် လေးထပ်ကျောင်းတိုက်ဓမ္မာရုံတို့၌ ဆောင်ရွက်သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မအူပင်တက္ကသိုလ် ပထဝီဝင်ဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်လှကြည်က အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား မအူပင်တက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခများက လာရောက်ဆွေးနွေး သင်ကြားပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## နတ်တလင်းမြို့နယ်၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲကျင်းပ

**နတ်တလင်း ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၁ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငုံဖူးဝေမြင့်တို့က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုနေ့နှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများ စသည်တို့ကို အသိပညာပေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ပြသထားသော ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ဖေဖော်ဝါရီ ၁ ရက်က (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရသူများအား မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နန်းစီဖောင်း(ပြန်/ဆက်)**





## နတ်မောက်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်သည်။ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း**

# ပဲခူးမြို့၌ (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပ



**ပဲခူး ဖေဖော်ဝါရီ ၂**

(၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ မွန်တိုင်းရင်းသား တိုင်းရင်းသူများက "မွန်တို့ဌာနေရာမည" သီချင်းဖြင့် သီဆိုကပြ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိရာ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများ မတူညီသော်လည်း မိသားစုစိတ်ဓာတ်ဖြင့် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားအားလုံး၏ နေ့ထူးနေ့မြတ်များကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ဖော်ထုတ်ကျင်းပပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားများ၏ စာပေ ဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်တစ်ဦးက မွန်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ပြောကြားပြီး မွန်တိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာအက၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က မွန်တိုင်းရင်းသားရိုးရာ အကနည်းပြများအား ဂုဏ်ပြုပန်းခြင်းနှင့် ဧည့်ခံဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မွန်တိုင်းရင်းသား/ တိုင်းရင်းသူများအား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး မွန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ဝင်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က မွန်အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းရင်းသားများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ကျိုက်ထိုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၆)ကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က သင်တန်းသားတစ်ဦးအား မီးသတ်တပ်ဖွဲ့ဝင်ဝတ်စုံများ ပေးအပ်စဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ (၇၉) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၏ (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ကဒါရပ်ကွက် ကမ္ဘာ့အေးစေတီဘုရား၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အလံလွှင့်ထူပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ဆက်လက်၍ မွန်အမျိုးသားနိုင်ကျော်သန်းက အမှာစကားပြောကြားပြီး ကဒါရပ်ကွက် (၇၉)ကြိမ်မြောက် မွန်အမျိုးသားနေ့အထိမ်းအမှတ်ကျင်းပနိုင်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ညီလေးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် သံဃာတော်များအား ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်းနှင့် ညနေပိုင်းတွင် ပုံပြင်၊ ကဗျာရွတ်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မွန်အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



# KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် အသက် ၁၀ နှစ်အရွယ် ကလေးငယ်နှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိ၊ စာသင်ဆောင်များ ထိခိုက်ပျက်စီးဆုံးရှုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် ဖားကန့်ဒေသအတွင်း KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ကျေးရွာများအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။





KIA အဖွဲ့နှင့် KPDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ၁၀နှစ်အရွယ် ကလေးငယ်နှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့မှု။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဖားကန့်မြို့အတွင်းသို့ မြို့၏အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် အခြေခံပညာအထက်တန်းကျောင်း(ဖားကန့်) အဆောက်အအုံနှင့် အနီးဝန်းကျင်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရကာ Grade-4 တွင် တက်ရောက်ပညာ သင်ယူလျက်ရှိသည့် ဖားကန့်မြို့ ၄က်ပျောတောရပ်ကွက်နေ မောင်လင်းခန့်ကိုနှင့် ဂျန်ဂတ်ကျေးရွာနေ မရွှန်ဒင့်တို့တွင် ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပြီး အဆိုပါ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်နှစ်ဦးအား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



KIA အဖွဲ့နှင့် KPDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖားကန့်မြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် စာသင်ဆောင်များပျက်စီးခဲ့မှု။

KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ယခုတွင်လည်း မြို့၊ ရွာများအတွင်းသို့ ဆင်ခြင်တွေးခေါ် စဉ်းစားနိုင်စွမ်း နည်းပါးစွာဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပညာသင်ကြားနေသည့် အနာဂတ်ကလေးငယ်များ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ပညာရေး အဆောက်အအုံများ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် အကြမ်းဖက် လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများနှင့် အကြမ်းဖက်မှု တန်ပြန်ချေမှုန်းရေးကို လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*
အမျိုးသား နှစ်ဦး၊ DPLA အဖွဲ့မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ခြောက်ဦး တို့သည် လက်နက်၊ ခဲယမ်းများ နှင့်အတူ ယနေ့တွင် ဥပဒေဘောင် အတွင်းသို့ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ ဝင်ရောက်လာကြသည့် KNDF၊ အင်းလေး PDF၊ ရှမ်း(တောင်) PDFနှင့် DPLA အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက် အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊လမ်း၊ တံတား များကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်း ခွဲခြား၍ အချင်းချင်းဗိုလ်ကျ နိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ ၍ ပင်ပန်းဆင်းရဲစွာ နေထိုင် ရခြင်းနှင့် တပ်မတော်၏တိုက်စစ် ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော် ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကို ယုံကြည်လက်ခံပြီး ဥပဒေ ဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထု အတွက် ပြန်လည်အကျိုးပြုလို ခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့ နယ်၊ ရွာငံမြို့နယ်၊ ပင်းတယ မြို့နယ်မှ မိုးဗြဲ-ဖယ်ခုံမြို့နယ်၊ ကယားပြည်နယ် လွိုင်ကော် မြို့နယ်တို့မှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ခြောက်ဦးပေါင်း ၂၄ ဦး တို့အား တာဝန်ရှိသူများက ကြိုဆို လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူးဗိုလ်မှူး ချုပ် ကျော်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြသူ များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်း သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားပြီး ပြည်နယ် ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်း အရာများအား ဆွေးနွေးပြောကြား သည်။ ယင်းနောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြ သူများက ၎င်းတို့နှင့်အတူ ပါရှိလာ သည့် မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်အတောင့် ၄၀ တို့အား လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်း ဝင်ရောက်လာကြသူ များအား မောင်းပြန်ရိုင်ဖယ် တစ် လက်နှုန်းအတွက် ဆုကြေးငွေ ကျပ်သိန်း ၅၀ နှုန်းဖြင့် နှစ်လက် အတွက် ငွေကျပ် သိန်း ၁၀၀ နှင့် အလင်းဝင်ရောက်လာသူအားလုံး


အမျိုးသမီး


အမျိုးသား

အတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၂၄ ဦးအတွက် ဆုကြေးငွေကျပ် ၄၈ သိန်း စုစုပေါင်း ငွေကျပ် ၁၄၈ သိန်းနှင့် ထောက်ပံ့ ပစ္စည်းများကို ပြန်လည်ထောက်ပံ့ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူ တစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားကာ ဝန်ခံကတိ လက်မှတ်ရေးထိုးစေ ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူ များက တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ် ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူ များအား ပြန်လည်ကြိုဆိုလက်ခံ ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက် ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေး ကြောင်းသိရှိရပြီး ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လိုသူ များအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွား မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**အမျိုးသမီး**

အကြမ်းဖက်အဖွဲ့ထဲကို မဝင် ရောက်ခင် အောင်ပန်းမြို့နယ်မှာ မိဘတွေနဲ့အတူ နေထိုင်ပြီးတော့ ဒသမတန်းတက်ရောက်နေချိန်မှာ တစ်ရွာတည်းနေ သူငယ်ချင်းက စည်းရုံးခဲ့လို့ DPLA အကြမ်းဖက် အဖွဲ့ထဲကို ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါ တယ်။ ကျွန်မအနေနဲ့ အမျိုးသမီး ဖြစ်တာကြောင့် တိုက်ခိုက်ရတာ မျိုးမရှိဘဲ အဖွဲ့ထဲမှာ ခေါင်းဆောင် ပိုင်းတွေက ခွဲခြားဆက်ဆံတာ တွေ အာဏာပြဆဲဆိုတာတွေ တော့ ရှိပါတယ်။ ကျွန်မအနေနဲ့ အမျိုးသမီးတစ်ဦးဖြစ်တာကြောင့် အဖွဲ့ထဲမှာနေထိုင်ရတာ ဘဝလုံခြုံ မှုမရှိပါဘူး။ ခေါင်းဆောင်ပိုင်းများ မှာလဲ အာမခံချက်နဲ့လက်တွေ့ လုပ်ဆောင်ချက်မှာ တူညီမှုမရှိဘဲ ခွဲခြားဆက်ဆံမှုတွေ လုပ်ဆောင် လာတဲ့အတွက် အဖွဲ့ထဲမှာနေထိုင် ရတာ အချိန်ကြာတာနဲ့အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့ပါတယ်။ ကျွန်မအနေနဲ့ ခေါင်းဆောင်ပိုင်း တွေရဲ့ လုပ်ရပ်တွေကို သဘော မကျလို့ တပ်မတော်ထဲ အလင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အလင်းဝင်ချိန်မှာတော့ ဝါဒဖြန့်ပြောထားသလို ရိုက်နှက် တာမျိုး၊ ထောင်ချတာမျိုးတွေ မရှိပါဘူး။ ကျွန်မတို့ ရောက်ရှိလာ တဲ့ အချိန်ကျတော့ တပ်မတော် က တာဝန်ရှိသူတွေက သားသမီး တစ်ဦးသဖွယ် နွေးထွေးစွာပြောဆို ဆက်ဆံတယ်။ ကောင်းမွန်စွာ ထားပြီး မိသားစုသဖွယ်ဆက်ဆံ တဲ့အတွက် လွန်စွာဝမ်းသာ ကျေနပ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ အခုလိုအလင်း ဝင်ရောက်တဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့မိတာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ အခုလို အလင်း ဝင်ရောက်ပြီးတော့ မိသားစုနဲ့ အတူ မြို့ရွာတွင်းမှာ အေးအေး ချမ်းချမ်းနေထိုင်ပြီး ပညာ ဆက်လက်သင်ကြားကာ နိုင်ငံနှင့် လူမျိုးအပေါ် အကျိုးပြုနိုင်သူ တစ်ယောက်ဖြစ်အောင် ကြိုးစား နေထိုင်သွားမှာပါ။ အနာဂတ် မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အကြမ်းဖက်အဖွဲ့များ၏ မဟုတ် မမှန် ဝါဒဖြန့်ပြောဆို စည်းရုံးမှု များကို နားမယောင်ကြစေလိုဘဲ ရှေ့ဆက်လမ်းမှားကို မလျှောက် လှမ်းနိုင်ဖို့ရန် ပညာရေးကိုသာ ပြီးမြောက်အောင် သင်ကြားကာ နိုင်ငံအတွက် အကျိုးပြုနိုင်တဲ့ လူတော်လူကောင်းများဖြစ်အောင် နေထိုင်သွားဖို့အကြံပြုလိုပါတယ်။

**အမျိုးသား**

DPLA အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်လာတာ ဖြစ်ပါ တယ်။ ကျွန်တော် DPLA အကြမ်း ဖက်အဖွဲ့ကို မဝင်ရောက်ခင် အချိန်မှာ မိဘတွေနဲ့အတူ နေထိုင် ပြီး တောင်ယာလုပ်ငန်းလုပ်ကိုင် နေခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် နှစ်လ ပိုင်းလောက်မှာ အကြမ်းဖက် အဖွဲ့ဝင်တွေဖြစ်တဲ့ DPLA အကြမ်း ဖက်အဖွဲ့တွေက ဖမ်းဆီးလူသစ် စုဆောင်းခဲ့မှုကြောင့် DPLA အကြမ်းဖက် အဖွဲ့ဝင်အဖြစ် ရောက်ရှိခဲ့ရခြင်း ဖြစ်ပါတယ်။ အကြမ်းဖက်သင်တန်းကို သီပေါ မြို့နယ်အတွင်းမှာရှိတဲ့ တောတွင်း တစ်နေရာမှာ သင်တန်း တက် ရောက်ခဲ့ရပြီး နောင်ချိုမြို့နယ် ထဲမှာ တပ်မတော်နဲ့ တိုက်ပွဲ ဖြစ်ပွားနေတဲ့ ရှေ့တန်းတစ်နေရာ ကို ပို့ဆောင်ခံခဲ့ရတယ်။ TNLA အကြမ်းဖက် အဖွဲ့တွေကလည်း ကျွန်တော်တို့ DPLA အကြမ်းဖက် အဖွဲ့တွေကို လူမျိုးရေး ခွဲခြား ဆက်ဆံတာ လုပ်တဲ့အပြင် နောင်ချိုမြို့နယ်မှာ တပ်မတော် က အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့လို့ ကိုယ့် အသက်မသေအောင် ပုန်းအောင်း နေထိုင်ခဲ့ရတယ်။ အဲဒါကြောင့် အကြမ်းဖက်အဖွဲ့ထဲက ခေါင်း ဆောင်ပိုင်းတွေရဲ့ လုပ်ရပ်တွေကို မကြိုက်လို့တပ်မတော်ထံ အလင်း ဝင်ရောက်ဖို့ စိတ်ကူးမိခဲ့ပါတယ်။ တပ်မတော်ထံကို အလင်း ဝင်ရောက်သွားသူတွေကို သတ် ပစ်တာတွေ ထောင်ထဲပို့တာတွေ လုပ်တယ်လို့ ဝါဒဖြန့်ပြောကြား ထားလို့ အလင်းဝင်ဖို့ စိုးရိမ်မိ တယ်။ ဒါပေမယ့်လည်း အမှန် တကယ် အလင်းဝင်လာတဲ့အချိန် မှာ သတ်ပစ်တာမျိုး၊ ထောင်ချ တာမျိုးတွေမရှိပါဘူး။ ကျွန်တော် ရောက်ရှိလာတဲ့ အချိန်မှာတော့ တပ်မတော်က တာဝန်ရှိသူတွေက နွေးထွေးစွာပြောဆိုဆက်ဆံတယ်။ ကျွန်တော့်အနေနဲ့ အခုလို အလင်း ဝင်ရောက်တဲ့လမ်းကြောင်းကို ရွေး ချယ်ခဲ့မိတာ မှန်ကန်တယ်လို့မြင်မိ ပါတယ်။ အကြမ်းဖက်အဖွဲ့ထဲက ဓနုလူမျိုး လူငယ်တွေကို တောထဲ မှာနေပြီး အကြောင်းမဲ့သေဆုံးရ မယ့် အစား၊ မိသားစုနဲ့အတူ ပြန် လည်နေထိုင်ပြီး ဘဝကို အေးချမ်း စွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ လက်တွဲပြီး အလင်းဝင်ရောက်လာ ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်။ **သတင်းစဉ်**

✳ *ကျောဖုံးမှ*
ထို့ပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့က ပူးပေါင်းပြီး မြန်မာ့လက်ဖက်ပွဲတော်ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လက်ဖက်ပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ စိမ်းလန်းစိုပြေပန်းခြံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး လက်ဖက် နှင့် ပတ်သက်သည့်အစားအစာများ၊ လက်ဖက်နှင့်ပတ်သက်သည့် စကားဝိုင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**



# စားအုန်းဆီဖြန့်ဖြူးရောင်းချ လက်လီလက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**ဘားအံ ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ ပါဝင်သော အဖွဲ့သည် ဘားအံမြို့အတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချ လက်လီ လက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်က ဘားအံမြို့ တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ လေ့လာစောင့်ကြည့်သုတေသနအဖွဲ့၊ အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်က လေ့လာစောင့်ကြည့်သုတေသနအဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း


အထွေထွေအတွင်းရေးမှူး ဦးဇော်ကိုကို ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအကြောင်း သိကောင်းစရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအတွက် စီမံခန့်ခွဲမှုကော်မတီဝင် ၁၀ ဦးနှင့် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များအား ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ ၂၂၁

❖ *ကျောဖုံးမှ*
မန်စီးတီးအသင်းသည် ပွဲအစပိုင်းမိနစ်များတွင် စပါးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ယခု ပွဲစဉ်သရေကျခဲ့သည့်အတွက် စပါးအသင်းသည် နောက်ဆုံး ပရီမီယာလိဂ်ငါးပွဲဆက် နိုင်ပွဲ ပျောက်ဆုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။

မန်စီးတီးအသင်းက ရမှတ် ၄၇ မှတ်ဖြင့် အဆင့်(၂) တွင် ဆက်လက် ရပ်တည်နေသည်။ ပြိုင်ဘက်စပါးအသင်းက ရမှတ် ၂၉ မှတ်ဖြင့် အဆင့် (၁၄) တွင် ရပ်တည်နေသည်။

အခြားပွဲစဉ် ရလဒ်များတွင် ဘရန့်ဖို့ဒ်က အက်စ်တွန်ဗီလာကို တစ်ဂိုး-ဂိုးမရှိ၊ မန်ယူက ဖူလ်ဟမ်ကို အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့ပြီး နော်တင်ဟမ်ဖောရက်စ်နှင့် ခရစ္စတယ်ပဲလေ့စ် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

လာမည့် ပွဲစဉ်တွင် စပါးက မန်ယူ၊ မန်စီးတီးက နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **အောင်ဇော်**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံ ကာကွယ်နေကြသူများရှိသလို သူခိုးဓားပြ ကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ၁၁-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“နားယောင်လို့ပဲ စွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့ အစိုးရရဲ့စေတနာထား ဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ဘဝအတွက် ဌာနေပြန်ဝင်သင့်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Hein Htet Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နောင်ခမ်းကြီးကျေးရွာနေ ဟိန်းထက်ထွန်း(ခ) သားသားအား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

(၂-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၅-၁-၂၀၂၆) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁-၂-၂၀၂၆) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီ ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁) ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ဥတုရာသီ
တောကိုမှီ

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ် (၄) ကျောင်းကြီးရပ်ကွက်နေ အဖ ဦးမင်းခန့် ၏သမီး Fame International School Meikhtila Year - 6 တွင် ပညာသင်ကြားနေသော မအိန္ဒြေဦး အား မအိမ်မှူးခင် ဟုပြောင်းလဲခေါ်ပါရန်နှင့် Fame International School Meikhtila Year - 3 တွင် ပညာသင်ကြားနေသော မအိန္ဒြေမှူး အား မအိမ်မှူးပိုင် ဟုပြောင်းလဲခေါ်ပါရန်။ **မအိမ်မှူးခင်နှင့် မအိမ်မှူးပိုင်**

### တစ်ဦးတည်းသာဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ ဦးလင်းလင်းထွန်း ၇/ပမန(နိုင်)၂၁၃၃၃၆ ၏ ဖခင် ဦးကျော်ကျော်မိုးနှင့် ဦးကျော်မိုး သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊ အ.ထ.က ကျောင်း Grade -10-B တွင် တက်ရောက် ပညာသင်ကြားနေသော မရွှေစင်သွန်း ၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် ၇/ကကန(နိုင်)၀၃၁၉၅၃ ဖြစ်ပါကြောင်း။

**ဦးစိုးခိုင်**

### ဖခင်အမည်မှန်

ကျောက်ကြီးမြို့၊ အ.ထ.က ကျောင်း Grade -11-B တွင် တက်ရောက် ပညာသင်ကြားနေသော နော်အယ်ဂေဖေါ ၏ ဖခင်အမည်မှန်မှာ စောအယ်ကော် ၇/ကကန(နိုင်)၀၆၅၂၅၃ ဖြစ်ပါကြောင်း။

**စောအယ်ကော်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ မြေကွက်အမှတ်(ခ/၄၅၆)၊ အကွက်အမှတ်(၂၅/ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(က/၂၅/၃၄၃)၊ ဂရန်အမှုတွဲအမှတ် - RPNO - ၅၂၀/V/၁၉၉၀ - ၁၉၉၁ အရ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဗိုလ်မှူး ကြည်လင်း၊ ဒေါ်ဟန်သီထွန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မေလွင်(ခ)ဒေါ်လွင်လွင်စိန် (၁၃/တကန(နိုင်) ၀၂၄၆၂၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမင်း (၁၂/ဒလန(နိုင်)၀၅၃၂၉၃) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည်(LL.B.,DBL,DIPL)(စဉ်-၁၄၆၆၈) ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B,DIPL)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

### ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ ဇေယျာဝတီရပ်ကွက်၊ သရဖီလမ်းသွယ်၊ ကွင်း/အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ် (ဈ/၄၈၄)၊ ဧရိယာ(၀.၀၄၄ဧက)ရှိ အကွက်သည် ကျွန်တော် ဦးမြင့်ဦး(၈/မထန(နိုင်)၀၄၆၀၃၆) ပိုင်ဆိုင်သော ဘိုးဘွားပိုင်အမည်ပေါက်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို သားဖြစ်သူ ဦးအောင်လှိုင်ဝင်းအား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်တော်ဦးမြင့်ဦးထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ဦး**
**အောင်လံမြို့၊ ဖုန်း(၀၉-၂၆၆၅၃၁၈၁၅)**

### အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁၀-ခ)၊ အကွက်အမည်(ကန်ကြီးကွင်း)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ(၀ဒသမ၀၅၂)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ယုယုကြူ ပါ (၄)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်သူများရှိပါက ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့နယ်၊ သီရိမင်္ဂလာရပ်ကွက်နေ အဖ ဦးဝင်းတင်ဦး အမိ ဒေါ်တင်ဆွေဦးတို့၏ သားဖြစ်သူ မောင်အောင်ခန့်ဦး သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စမျှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းတင်ဦး + ဒေါ်တင်ဆွေဦး**

### ကန့်ကွက်နိုင်ကြောင်း

ကျွန်တော် ဦးနေစိုးဝင်း ၈/ ခမန (နိုင်) ၁၃၃၀၇၆ သည် ဦးသိန်းလွင်ဦး ပိုင်ဆိုင်သော အုတ်တွင်းမြို့နယ်၊ ကျောင်းရှစ်ဆယ် ကျေးရွာအုပ်စု၊ နှစ်ဆန်းကွက်သစ်တွင်ရှိသော ကွင်းအမှတ်နှင့် အမည် (၃၆၆-က/ကျောင်းရှစ်ဆယ် အနောက်)၊ ဦးပိုင်အမှတ် (၂/၁၉/၁၂)၊ ဧရိယာ(၀.၀၅) ဧကရှိပြီး၊ အလျား (၅၀)ပေ၊ အနံ(၅၀)ပေရှိသော ခြံမြေကွက်နှင့် တစ်ထပ်နေအိမ်တို့အား (၂၇.၁.၂၀၂၆) ရက်နေ့တွင် စရန်ပေးအရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပြီး၊ ( ၁၀.၂.၂၀၂၆) ရက်နေ့တွင် အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့် ရက်မှစ၍ (၁) ပတ်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးနေစိုးဝင်း**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ် (၁)ရပ်ကွက်ရှိ ကွင်း/ အကွက်အမှတ် နှင့်အမည် ၁၉၈၆ (ငဆော်ကွင်း)၊ ဦးပိုင်အမှတ် ၉၅/၄ ၊ ဧရိယာ (၀.၅၀)ဧက အကျယ်အဝန်းရှိ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၉-၉-၂၀၂၀) ရက်စွဲပါစာအမှတ် ၊၅၀၀/၅-၂၅(၈၀)/အစိုးရ(ဧရာဝတီ) အရဟိုတယ်မြေအဖြစ် ဒေါ်စတယ်လာ အမည်ဖြင့် ခွင့်ပြုမိန့်ရရှိပြီးသော မြေကွက်အား ဒေါ်စတယ်လာထံမှ ကျွန်မ၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (ပိုင်ရေးဆိုင်ခွင့်ရှိသူ) မည်သူမဆို ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်မထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိမ်းသက်လယ်(LL.B, C.B.L) တရားလွှတ်တော်ရှေ့နေ စဉ်- ၁၀၁၅၆/၂၀၁၄**
**အိမ်အမှတ်(၁၄၂)၊ သိမ်တော်ကြီးလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့။**
**ဖုန်း : ၀၉-၂၅၄၃၃၄၇၇၁**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## Naypyitaw State Academy
## အမှုထမ်းရာထူးများ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် လျှောက်လွှာပုံစံကို www.nsa.edu.mm တွင် Download ရယူ၍ ဖြစ်စေ၊ Naypyitaw State Academy စီမံရေးရာဌာနတွင် အခမဲ့ရယူ၍ ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း |
|---|---|---|
| (က) | အငယ်တန်းစာရေး (၁၆ နေရာ) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| (ခ) | စာရင်းကိုင်(၄) (၅ နေရာ) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| (ဂ) | ဒု-လက်ထောက်ကွန်ပျူတာ စီစဉ်ရေးမှူး (၂ နေရာ) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| (ဃ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၂ နေရာ) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ |
| (င) | စာကြည့်တိုက်လက်ထောက်(၅) (၄ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (စ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၅) (၅ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ဆ) | လျှပ်စစ်ကျွမ်းကျင်(၅) (၁ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ဇ) | စာကူးစက်လှည့်အကူ (၁ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ဈ) | လက်မှုကျွမ်းကျင်(၅) (ရေပိုက်ပြင်) (၁ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ည) | ပန်းရံ(၅) (၁ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ဋ) | စက်မောင်း(၅) (၁ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ဌ) | လက်သမား(၅) (၁ နေရာ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ |
| (ဍ) | ရုံးအကူ/စာပို့ (၄ နေရာ) | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ |
| (ဎ) | လုပ်သား(အထွေထွေ) (၃ နေရာ) | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ |
| (ဏ) | လုပ်သား(ဥယျာဉ်) (၃ နေရာ) | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ |

၂။ လျှောက်ထားသူများသည်-

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၈-၂-၂၀၂၆ ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူ၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၂၈-၂-၂၀၂၆ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ (Naypyitaw State Academy လက်ရှိတာဝန်ထမ်းဆောင်နေသော နေ့စားဖြစ်ပါက အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။)

(ဃ) အမှတ်စဉ် ၁။ (က)၊ (ခ)၊ (င)၊ (စ)နှင့်(ဆ)ပါ ရာထူးများအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ (ဂ)နှင့် (ဃ)ပါ ရာထူးများအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကွန်ပျူတာဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်ရရှိသူ၊ (ဇ)မှ(ဍ)ထိပါ ရာထူးများအတွက် အခြေခံပညာအလယ်တန်း အဆင့်ရှိသူ၊ (ဎ)နှင့် (ဏ)ပါ ရာထူးများအတွက် အခြေခံပညာမူလတန်းအဆင့်ရှိသူ ဖြစ်ရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်။ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေ ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ)ကို ပေးလျော်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းမှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများသည် အထက်ဖော်ပြပါရာထူးများတွင် တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန်ထမ်းဆောင်နေသည့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ခွင့်ပြုချက်ရယူပြီး Naypyitaw State Academy သို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Naypyitaw State Academy သို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်-

(က) (၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ/ အခြေခံပညာအလယ်တန်းအဆင့်၊ မူလတန်းအဆင့် ထောက်ခံချက်မိတ္တူ

(ဂ) ကျွမ်းကျင်မှုအရည်အချင်းအတွက် ကျွမ်းကျင်မှုဆိုင်ရာ အောင်လက်မှတ်မိတ္တူ

(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာထောက်ခံချက်မိတ္တူ/ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(ဇ) (၁)လအတွင်းရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ၊ အုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် ပြစ်မှုမှုခင်းကင်းရှင်းကြောင်း ရဲစခန်း ထောက်ခံစာမူရင်း

**(လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား(မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန် ဖြစ်သည်။)**

ယာဉ်အမှတ် 8G/5244 TM Light Truck (TM-001) Pick Up (4x2)ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဌေးနိုင် ၈/မမန(နိုင်)၂၄၀၈၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/20653 Owl Cycle bike 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေလင်း ၁၃/မဘန(နိုင်)၀၁၄၁၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/2451 BAJAJ 200(200CC), 3Wheel vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်ကြည် ၅/မမတ(နိုင်)၀၆၄၇၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/31866 Honda Kit 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲသဲအောင် ၉/အမဇ(နိုင်)၀၀၀၃၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# ခွင့်ပြုချက်မရှိဘဲ ဒေါ်မြရင် ဝက်အူချောင်းထုပ်ပိုးအိတ်ဒီဇိုင်းအား တုပ၍ ဝက်အူချောင်းနှင့် စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများအား အသိပေးကြေညာခြင်း

မန္တလေးမြို့ ၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁ လမ်းနှင့် ၃၀ လမ်းကြား၊ လမ်း၈၀၊ အမှတ် (၂၂၃) တွင် နေထိုင်သူ ဦးဖုန်းလှိုင် ၉/မရမ(နိုင်)၀၇၇၀၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-







ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏ညီအစ်ကိုမောင်နှမများသည် အထက်ဖော်ပြပါလိပ်စာတွင် **ဒေါ်မြရင်** အမည်တံဆိပ်ဖြင့် ဝက်အူချောင်းနှင့် စားသောက်ကုန်လုပ်ငန်းကို မိခင်ဖြစ်သူ ဒေါ်မြရင်မှ ဦးစီး၍ (၁၉၆၀) ခုနှစ်တည်းကစ၍ ယနေ့အချိန်အထိ အစဉ်တစိုက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး၊ ယင်းအမည်-အမှတ်တံဆိပ်ကို သုံးစွဲကြောင်းမြွက်ဟကြေညာစာချုပ်အား မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၌ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ **ဒေါ်မြရင်** ဝက်အူချောင်းနှင့် စားသောက်ကုန်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လက်မှတ် ရရှိထားသော ထုတ်ကုန်များဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေတို့သည် မိခင်ဖြစ်သူ ဒေါ်မြရင် အသက်ရှိစဉ်အချိန်မှစ၍ ယနေ့အချိန်အထိ **ဒေါ်မြရင်** ဝက်အူချောင်းနှင့် စားသောက်ကုန်များကို အရည်အသွေး ကောင်းမွန်သည့် ကုန်ကြမ်းပစ္စည်းများကိုသာ အဓိကအသုံးပြုပြီး၊ အရည်အသွေးကို အစဉ်တစိုက် ထိန်းသိမ်း၍ ထုတ်လုပ်ရောင်းချနိုင်သဖြင့် ပြည်တွင်းပြည်ပရှိ စားသုံးသူမိတ်ဆွေများမှ အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေတို့သည် **ဒေါ်မြရင်** ဝက်အူချောင်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုကို အဆင့်မြင့် နည်းပညာများဖြင့် ထုတ်လုပ်သကဲ့သို့ ထုပ်ပိုးမှုပုံစံများကိုလည်း ခေတ်နှင့်လျော်ညီစွာ လေစုပ်အိတ်(ဝက်အူချောင်းထုပ်ပိုးအိတ်)ဖြင့် ပြင်ဆင်ထုပ်ပိုး၍ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချ လျက်ရှိသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်ပါသည်။ ထို့အတူ ဒေါ်မြရင်၏သားအချို့ကလည်း ၎င်းတို့၏ကိုယ်ပိုင်ထုပ်ပိုးမှုဒီဇိုင်းများဖြင့် ဝက်အူချောင်းနှင့် စားသောက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ယခုအခါ ဈေးကွက်အတွင်းတွင် **ဒေါ်မြရင်** ဝက်အူချောင်းထုပ်ပိုးအိတ်ဒီဇိုင်းဖြင့် ဝက်အူချောင်းနှင့် စားသောက်ကုန်များကို ဆင်တူယိုးမှား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း မြင်တွေ့သိရှိရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဝက်အူချောင်းထုပ်ပိုးအိတ်ဒီဇိုင်းတို့ကို ကျွန်ုပ်မိတ်ဆွေတို့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါ ဝက်အူချောင်းထုပ်ပိုးအိတ်ဒီဇိုင်း၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထပ်တူထပ်မျှဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တုပ၍ ဆက်လက်ပြုမူဆောင်ရွက်နေပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန္ဒာမြင့်သိန်း(စဉ်-၈၀၃၆) (တရားလွှတ်တော်ရှေ့နေ)**
**အိမ်အမှတ်(ဒီ-၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၃လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅ Email: lawfirmmyanmar@gmail.com**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/26034 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးအိနိုင် ၇/ပမန(နိုင်)၁၀၈၀၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/72226 New Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမော် ၉/မခန(နိုင်)၂၁၀၃၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/95315 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင်မိုး ၇/ပခန(နိုင်)၃၅၅၆၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၈၆-ကံဘဲ့၊ မြေကွက်အမှတ် - 8-အိုင်3၊ မြေအကျယ်အဝန်း - ၀ ဒသမ ၂၅၃ ဧကရှိ မြေပိုင်မြေကွက်၊ တစ်နည်းအားဖြင့် အမှတ် (၂၀)၊ သုခဝတီလမ်း၊ (၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် (၁) ဦးစိုင်းမုန်းဆိုင် ၁၃/တကန(နိုင်)၂၁၀၇၅၃၊ (၂) ဒေါ်နန်းစံခမ်း ၁၃/တကန(နိုင်) ၂၁၀၇၅၂၊ (၃) ဒေါ်နန်းဝါ ၁၃/တကန (နိုင်)၂၆၅၉၂၅ တို့၏ အမည်ဖြင့် မှတ်သားထားပါသည်။ မိမိတို့တရားဝင် အမည်ပေါက် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်တင့်(ခ)ဦးခင်ထွန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/ ၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၅၁၃၉၃၀၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၁၈၆၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/8054 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/8675 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ လူနေရပ်ကွက်အမှတ် (၆)၊ မေယုလမ်း၊ မြေကွက်အမှတ် ( ၈၈-က ) ဟု ခေါ်တွင်သော အလျား (၂၀) ပေ x အနံ (၆၀) ပေ၊ ဧရိယာ ( ၁၂၀၀ ) စတုရန်းပေ၊ ၀ ဒသမ ၀၂၇ ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ် အမည်ပေါက်ဦးခင်မောင်အုန်း (ISN-၈၆၅၇၈၇) ထံမှတစ်ဆင့် ကတိစာချုပ်အဆက် စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဦးမြင့်သိန်းဝင်း ၁၂/ဒဂန(နိုင်)၀၁၅၉၇၈ မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဈာန် (L.L.B) (စဉ်-၅၀၄၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့**
**ဖုန်း-၀၉-၄၄၄၄၂၁၅၄၄**

## ဖခင်အမည်မှန်

မြဝတီမြို့၊ ပညာရွှေဖူးကိုယ်ပိုင် အလယ်တန်းကျောင်း၊ G-1 မှ မထက်မြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးအောင် ၁၀/ကထန(နိုင်)၁၈၅၀၂၄ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဇမ္ဗူသီရိမြို့နယ်၊ သဇင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 မှ (ဘ)ဦးကျော်ထွေး ၁၀/ကထန(နိုင်) ၁၀၂၃၂ ၏သမီး မစန်းစန်းနွယ် အားယနေ့မှစ၍ မဆုလတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုလတ်ကျော်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5W/48007 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ ရွှေနှင်းဆီကန်လမ်း၊ မြေကွက်အမှတ် (၁/ခ-၃၀၆) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်တွင် ဒေါ်ခင်မေသက်၁၂/ရကန(နိုင်) ၀၂၀၃၄၀ အမည်ပေါက်ပိုင် ဧရိယာ၀ ဒသမ ၀၇၅ ဧက၊ (၃၂၉၈) စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ရေ/မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မေသက် ၁၂/ ရကန (နိုင်) ၀၂၀၃၄၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သော ဦးရဲကျော်သူ ၁၂/ရကန(နိုင်)၀၆၇၅၀၉ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန် ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေစဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ် (၂) ရပ်ကွက်၊ နယ်မြေ (၆)၊ အကွက်အမှတ် (၃၄/စံကောင်းရပ်)၊ ဦးပိုင်အမှတ် (၆၁/ခ)၊ ဧရိယာ၀ ဒသမ ၀၂၀ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၈၂၄-၅/၂၀၁၉-၂၀၂၀(အေ)၊ ဒေါ်စံမေ(ခ)ရှောက်ဆုံ ၁၃/သနန(နိုင်)၀၁၃၇၂၃ အမည်ပေါက်မြေကွက်အား ဒေါ်စံမေ(ခ)ရှောက်ဆုံမှ စာချုပ်အမှတ် ၂၂/၂၀၂၅ ဖြင့် ဒေါ်စန်းစန်းနိုင် ၁၃/လရန(နိုင်)၁၁၆၇၃၈ သို့ ရောင်းချပြီးဖြစ်သဖြင့် ဒေါ်စန်းစန်းနိုင်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်စန်းစန်းနိုင်၏ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/1589 FORLAND DUMP TRUCK (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၇/ဖမန(နိုင်)၀၀၈၆၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/63411 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး(ခ)အူမရ်ဖွဲရွတ် ၁၂/ပဘတ(နိုင်)၀၃၄၃၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ EastChem Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် LionChem (Myanmar) Pte., LTD မှ Agro Rich World Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်။

| စဉ် | ကုန်သွယ်မှု မြန်မာအမည် | ကုန်သွယ်မှု အင်္ဂလိပ်အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | ဂိုးလ်ချက်ခ် ၅၀ အီးစီ | Goldcheck 50 EC | Lambda-cyhalothrin 50g/l EC | F2022-3487 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Agro Rich World Co.,Ltd**
**ဖုန်း-၀၉-၄၀၇၁၁၁၂၀**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလွယ်ဟို၏ သမီး ဒေါ်နန်းဆိုင်ငင်း ၁၃/နစန(နိုင်) ၀၀၅၇၇၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၈၁၉၅၆၃**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထား ကြောင်းကြေညာစာ

မြင်းခြံမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အကွက်အမှတ်(၃၆-ခ)၊ အကွက်အမည်(သပြေပင်)၊ ဦးပိုင်အမှတ် (၂၇/၃၁)၊ ဧရိယာ(၀ ဒသမ၀၆၈)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၂၇/၃၀)
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၂၇/၂၈-က)၊ (၂၇/၂၈-ခ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးအောင်ကိုမင်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွအောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြင်းခြံမြို့နယ်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဒီးဒုတ်ကျေးရွာအုပ်စု၊ ဒီးဒုတ်ကျေးရွာ နေ ဦးတင်ဝင်း၏ သား ဦးလှဝင်း ၈/မလန(နိုင်) ၁၀၅၅၅၁၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-587141) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၄၀၄၅၆၁၇၈၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/16187 ADIXIN 125 ယာဉ်လက်ဝယ်ရှိသူ Nylon Co., Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၄၈၇)၊ ဧရိယာ ၀ ဒသမ ၁၄၇ကေ (၆၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ FMI City၊ ပဒေသာပင်မြို့တော်၊ အမှတ်(၄)ရပ်ကွက်၊ ကိန္နရီသစ်ခွ လမ်းသွယ်(၁)၊ အမှတ်(အို-63)ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းရီ ၁၁/ပတန(နိုင်)၀၀၀၅၆၃ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူက တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်တင့် (ခ) ဦးခင်ထွန်း တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၅၇၅၁/၂၉-၉-၁၉၉၁)**
**အမှတ်-၂၄(မြေညီ)၊ဘိုကလေးဈေးလမ်းအောက်၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၃၉၃၀၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/41072 Shayan 110 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co., Ltd က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၁၈၀၀၃ Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးတွမ်ကုန်းချီ ၁၃/လရန(နိုင်) ၂၃၆၃၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 6W/91719 Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇာအေး ၁၄/မမန(နိုင်)၁၈၇၃၈၂ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/27083 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Aung Kenbo Co., Ltd က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/29823 Honda C90 3DX ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးသန့် ၉/စကန(နိုင်)၀၅၈၂၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/48764 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းကို ၈/မမန(နိုင်) ၂၁၁၉၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀)
## ကျိုင်းတုံခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်နန်းညွန့် နှင့် ဒေါ်အီဆိုက်
**တရားလို** **တရားပြိုင်**

စွမ်ဆပ်ရပ်၊ ကျိုင်းတုံမြို့ (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်အီဆိုက် သိစေရမည်။

သင့်အပေါ်၌၊ ဒေါ်နန်းညွန့်က ကတိပဋိညာဉ်အတိုင်း မြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူဝင်း )**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၁၉)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၄-လွှာ/ဘီ(တိုက်ရှေ့ မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်တင်အေးကြွယ် ၁၂/တမန(နိုင်) ၀၁၉၀၀၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဆွေဇင်အောင် ၇/ပတတ(နိုင်) ၁၀၆၇၂၇ က အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၊ ၀၉-၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၄၉၃)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဦးထူးခြားအောင် ၇/ပမန(နိုင်) ၁၂၈၉၀၁ အမည်ပေါက်ပိုင် အလျား ပေ၄၀ x အနံ ပေ ၆၀၊ ဧရိယာ (၀ ဒသမ ၀၅၅) ကေ၊ (၂၄၀၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တည်းခိုရိပ်သာလုပ်ငန်း အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ ရွာမကျောင်းလမ်း၊ မြေကွက်အမှတ်(၄၇၅-ခ) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဦးထူးခြားအောင်၇/ပမန(နိုင်) ၁၂၈၉၀၁ အမည်ပေါက်ပိုင် အလျား ပေ ၂၀ x အနံ ပေ ၆၀၊ ဧရိယာ (၀ ဒသမ ၀၂၇) ကေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ ရွာမကျောင်းလမ်း၊ မြေကွက်အမှတ် (၄၇၅-က) ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်တွင် ဦးထူးခြားအောင် ၇/ပမန(နိုင်)၁၂၈၉၀၁ အမည်ပေါက်ပိုင် အလျား ၂၄ပေxအနံ ၆၃ပေ၊ ဧရိယာ (၀ ဒသမ ၀၃၄) ကေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အုတ်ညှပ်နှစ်ထပ်တိုက် အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးထူးခြားအောင် ၇/ပမန (နိုင်)၁၂၈၉၀၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** **ဒေါ်မြတ်နိုးခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၈၃၅၁/၁၃-၉-၂၀၁၂)** **(စဉ်-၅၃၁၅၀/၃၀-၆-၂၀၂၀)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/6968 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/6802 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဧပြီလမှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ မြန်မာနိုင်ငံ နို့စားကျွဲမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူ ဝယ်ယူမည့် နို့စားကျွဲမေထုန်မဲ့မျိုးရည်ခဲချောင်း (Murrah) (၄၀၀၀)ချောင်း၊ လုပ်ငန်းသုံးပစ္စည်းများ ဖြစ်သည့် မေထုန်မဲ့သားစပ်ကိရိယာ AI Gun (၅၀) ချောင်း၊ နိုက်ထရိုဂျင်အရည်သိုလှောင်အိုး(30 L) (10)Nos နိုက်ထရိုဂျင်အရည်သိုလှောင်အိုး(3L) (50) Nos တို့အား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ပထမအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် (၂-၂-၂၀၂၆) ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး (၁၁-၂-၂၀၂၆) ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီ အကြောင်းကြားသွားမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၁၇၇ နှင့် ၀၉-၇၇၃၄၇၇၈၈၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးနိုင်ဦး ၁၂/ဥကတ(နိုင်)၀၀၆၆၉၂ မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၈/ခ)၊ အကျယ်အဝန်း (အလျား ၂၂ ပေ x အနံ ၆၀ ပေ)၀ ဒသမ ၀၃၀ ဧက(၁၃၂၀) စတုရန်းပေရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံနှင့်ပတ်သက်၍ "သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ဆက်လက်ဆောင်ရွက်နိုင်ရန်" အတွက် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရိုးမဘဏ်လီမိတက်၊ ဘဏ်ခွဲ(၈)၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၉၃၇၇၀၉၄၇) ထံသို့ ၁၆-၁၁-၂၀၂၃ ရက်တွင် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၂၄၄၄၆)ဖြင့် "အထူးကိုယ်စားလှယ်လွှဲစာ"အား လွှဲအပ်ခဲ့ပါသည်။

အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါသည်။ အထက်ပါအထူးကိုယ်စားလှယ်စာရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊မွေ့ပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ ၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း တွံတေးမြို့နယ် ခနောင်ကျေးရွာ

1. Aung Myat Water
2. Aung Khant Water
3. Aung Thant Water
4. Aung lin Water
5. Aung Hla Water

အမည်များအသုံးပြုလျက် ရေသန့်လုပ်ငန်းအားဥပဒေနှင့်အညီ မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါ၍ အထက်အမည်အသုံးပြုထားသော လုပ်ငန်းတူရှိပါက အထောက်အထားအပြည့်အစုံဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအာကာစိုး ၁၂/ကမရ(နိုင်)၀၂၅၂၃၆**
**ဖုန်း-၀၉-၇၅၇၉၆၁၈၄၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5980 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃၉)၊ မြေကွက်အမှတ်(၁၄၁) ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မေစီ (K/N ၀၄၉၁၈၉)ထံမှ အရောင်းအဝယ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဒေါ်ကေသီရွှေ ၉/မထလ(နိုင်) ၀၀၀၇၃၉ထံမှ ကျွန်မဒေါ်ရှိုင်းမွန်အောင် ၁၂/လကန(နိုင်)၁၈၈၂၂၁မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရှိုင်းမွန်အောင် ၁၂/လကန(နိုင်)၁၈၈၂၂၁**
**ဖုန်း-၀၉-၄၂၀၂၁၂၂၆၁**

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဘောဂဝတီလမ်းနေ (ဦးအောင်ကြင်)-ဒေါ်သန်းနွဲ့ကြည်တို့၏ ဒုတိယသမီး ဖြစ်သည့် မဇင်မာအောင် ၈/ပခက(နိုင်) ၂၀၃၁၅၆သည် မိဘများအား ဂုဏ်သိက္ခာထိခိုက်အောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး မိဘများ၏ ပြောဆိုဆုံးမမှုကို လက်မခံပါသောကြောင့် ၃၀-၁-၂၀၂၆ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**
**ဒေါ်သန်းနွဲ့ကြည်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယိကာမကြီး
## သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာရီရီလှ
## (စာရေးဆရာမကြီး-ယုဝတီခင်ဦး)
## အသက် (၉၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ငွေဝတ်မှုံရပ်ကွက်၊ အမှတ် (၂၁) နေ (ဒေါက်တာ ဦးလှမောင် - ဒေါ်ခင်ရီ)တို့၏ သမီး၊ (ဦးဝင်းဆွေ) ၏ ဇနီး၊ (ဦးမြင့်အောင် - ဒေါ်ခင်စိန်ယု) တို့၏ အစ်မ၊ တစ်ဦးတည်းသောသားဖြစ်သူ ဦးဇော်ဝင်းဆွေ - ဒေါက်တာအေးအေးမော် တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုကျော်ဇော်ဟန်၊ ကိုထက်မြတ်ဇော် တို့၏ ချစ်လှစွာသောအဘွား (ဒေါက်တာ ရီရီလှ) အသက် (၉၇) နှစ်သည် စင်ကာပူနိုင်ငံ၌ ၂၆-၁-၂၀၂၆ ရက် (တနင်္လာနေ့) စင်ကာပူစံတော်ချိန် ည ၁၁ နာရီ ၄၃ မိနစ်တွင် အေးချမ်းစွာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၈-၁-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) တွင် စင်ကာပူနိုင်ငံ Mandai Crematorium and Columbarium Complex တွင် မီးသဂြိုဟ် ပြီးစီးပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့)တွင် စင်ကာပူနိုင်ငံ၌ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်အစုစုတို့ဖြင့် ဆပ်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယိကာမကြီး
### သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာရီရီလှ
### (စာရေးဆရာမကြီး ယုဝတီခင်ဦး)
### အသက် (၉၇) နှစ်

မြတ်ဗုဒ္ဓသာသနာကို အစဉ်သစ္စာပြု၍ လူမှုအကျိုးပြုပရဟိတလုပ်ငန်းများ၊ သာသနာအကျိုး၊ နိုင်ငံအကျိုးများအား အသက်ထက်ဆုံး ဆောင်ရွက်ခဲ့ပါသော ကျေးဇူးရှင်မာမီကြီး (ဒေါက်တာ ရီရီလှ) အသက် (၉၇) နှစ်သည် စင်ကာပူနိုင်ငံ၌ ၂၆.၁.၂၀၂၆ ရက်(တနင်္လာနေ့) စင်ကာပူ စံတော်ချိန် ည ၁၁:၄၃နာရီတွင် အေးချမ်းစွာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**WY Z Private Ltd ဝန်ထမ်းမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယိကာမကြီး
### သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာရီရီလှ
### (စာရေးဆရာမကြီး-ယုဝတီခင်ဦး)
### အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ငွေဝတ်မှုံရပ်ကွက်၊ အမှတ်(၂၁)နေ (ဒေါက်တာ ဦးလှမောင်-ဒေါ်ခင်ရီ) တို့၏သမီး၊ (ဦးဝင်းဆွေ)၏ဇနီး၊ (ဦးမြင့်အောင်-ဒေါ်ခင်စိန်ယု)တို့၏အစ်မ၊ တစ်ဦးတည်းသောသားဖြစ်သူဦးဇော်ဝင်းဆွေ-ဒေါက်တာအေးအေးမော်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုကျော်ဇော်ဟန်၊ ကိုထက်မြတ်ဇော် တို့၏ ချစ်လှစွာသောအဘွား(ဒေါက်တာရီရီလှ) အသက် (၉၇) နှစ်သည် စင်ကာပူနိုင်ငံ၌ ၂၆-၁-၂၀၂၆ ရက်(တနင်္လာနေ့) စင်ကာပူစံတော်ချိန် ည ၁၁:၄၃ နာရီတွင် အေးချမ်းစွာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးငြိမ်းချမ်းဦး-ဒေါ်ဥမ္မာအောင် မိသားစု**
**Dynamic Engineering One Co.,Ltd.**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာ သိန်းထွန်း
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)
### သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
### အသက်(၇၉)နှစ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် သွားကျန်းမာရေးပညာဌာနတွင် ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပါမောက္ခ ဒေါက်တာသိန်းထွန်း အသက် (၇၉) နှစ်သည် (၃၀-၁-၂၀၂၆) ရက် (သောကြာနေ့) ညနေ (၃:၂၀) နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာ သိန်းထွန်း
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)
### သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
### အသက်(၇၉)နှစ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် သွားကျန်းမာရေးပညာဌာနတွင် ပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ပါမောက္ခဒေါက်တာသိန်းထွန်း အသက် (၇၉) နှစ်သည် (၃၀-၁-၂၀၂၆) ရက် (သောကြာနေ့) ညနေ (၃:၂၀) နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သွားဖုံးရောဂါကုပညာဌာနမှ တပည့်များ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်/မန္တလေး**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဝင်းဝင်းခိုင်
### ဦးစီးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်ဌာနခွဲ)
### အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၈)၊ အခန်းအမှတ်(၁၂)နေ (ဦးအောင်သန်း-ဒေါ်ကြည်မြင့်) တို့၏သမီးထွေး၊ ဦးလွင်မိုး(E.T.O, Equatorial Maritime Service PTE Co.,Ltd, Singapore)၊ ဦးသန်းထွန်းဦး-ဒေါ်ချိုချိုခိုင်[ အင်ဂျင်နီယာဌာန၊(အဆောက်အအုံ)၊ Y.C.D.C]၊ ဦးဇော်မင်းအောင်(မန်နေဂျာ၊ မြန်မာ့စီးပွားရေး ဘဏ်၊ သဃ်န်းကျွန်း)-ဒေါ်အေးစန္ဒာ(ဟိုတယ်/ခရီး- ငြိမ်း)တို့၏ညီမ ဒေါ်ဝင်းဝင်းခိုင်သည် ၁-၂-၂၀၂၆ရက် (တနင်္ဂနွေနေ့) နံနက်(၁၀:၃၀)နာရီတွင် “ဝိတိုရိယဆေးရုံကြီး” ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၂၆ ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးဇော်ဇော် (ခ) ROLNI-TIN
### စိန်ပေါကျောင်းသားဟောင်း
### မီလျှံနာ သောက်ရေသန့်(မော်လမြိုင်)
### ဂျပန်မယ်-မိုးမိုး ခေါက်ဆွဲ (ဘုရင့်နောင်)
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြံအမှတ်(၁စီ)၊ ၅ ၁/၂ မိုင်၊ အင်းလျားကန်ဘောင်ရှေ့၊ တံတားဖြူနေ (ဦးလှတင်)-ဒေါ်သန်းမြင့်၊ (ဦးချန်-ဒေါ်မြင့်မြင့်) တို့၏ သားသမက်၊ ဒေါ်ခင်စန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမော်မော်)၏ညီ၊ ဒေါ်မိုးမိုးတင် ၏အစ်ကို၊ ကိုအောင်ကျော်လင်း-မမြင့်မြင့်မော်၊ ကိုညာဏ်လင်းအောင် တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မောင်မင်းသန့်ကျော်၏ ဘကြီး၊ မောင်အောင်ကောင်းမြတ်၊ မောင်မင်းကြယ်စင်တို့၏ ချစ်လှစွာသော အဘိုးသည် ၁-၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့) ညနေ ၆:၃၀ နာရီတွင် သုခကမ္ဘာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၆ ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခန်းမမှ ဖူးကျန့် တရုတ်သင်္ချိုင်းသို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်
### မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6564, Thit Sar Oo L/T (TW-001 ) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးငြိမ်း ၉/ပမန(နိုင်) ၀၁၂၀၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကြူကြူ
### မန္တလေးပြည်သူ့ဆေးရုံကြီး(ငြိမ်း)
### အသက်(၇၅)နှစ်

မြန်မာသံရုံး၊ ရောမမြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ် ဦးစိုးသက်နောင်၏ ကျေးဇူးရှင် မိခင်ကြီး ရန်ကုန်မြို့၊ အမှတ်(၅၃/ဘီ) ခရေရိပ်မွန် (၇)လမ်း၊ ချစ်တီးကုန်း၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကြူကြူ (၇၅) နှစ်၊ မန္တလေးပြည်သူ့ဆေးရုံကြီး(ငြိမ်း) သည် ၁-၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့) ညနေပိုင်းအချိန်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သံရုံးဝန်ထမ်းမိသားစု**
**မြန်မာသံရုံး၊ ရောမမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ် (၃၉/၄၁)၊ ၅၈လမ်း(မဟာနဒီလမ်း)၊ ၁၀ လမ်းနှင့် ၁၄ လမ်းကြား၊ နန်းရှေ့နေ ဦးမျိုးဇော်ဟိန်း၊ ဒေါက်တာဖြိုးဇော်ဟိန်း-ဒေါက်တာတင်ဇာဦး၊ ဒေါက်တာမြကေခိုင်ဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်အောင်ဘုန်းမြင့်၊ မသွန်းသီရိသူ၊ မောင်ကောင်းထွဋ်ဟိန်း တို့၏ ဘိုးဘိုး၊ (Great ဒေါ်ခင်စန်းဝင်း)၏ခင်ပွန်း မဟာသဒ္ဓမ္မဇောတိကဓဇ Great ဦးမြဝင်း (မန္တလေးမဟာမြတ်မုနိဂေါပက ဥက္ကဋ္ဌ) အသက်(၇၅) နှစ်သည် ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက်၊ ၃၁-၁-၂၀၂၆ ရက် (စနေနေ့) နံနက် ၇နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါသောကြောင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်ကို-ဒေါ်ရွှေဥ(မိသားစု)**

---

### ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ရေထွက်ဦးလမ်း၊ အမှတ်(၂၀၇)နေ(ဦးချင်မင်ချောင်(ခ)ဦးယိုချောင်)-ဒေါ်ပေါ်ခင်)တို့၏သား (ဦးအကျိုး-ဒေါ်ချစ်မွေး)တို့၏သား-သားမက်၊(ဦးမောင်စိန်)-ဒေါ်ခင်ရီ၊ ဒေါ်မေဟန်ချမ်းတို့၏ ညီ/မောင်၊ (ဒေါ်စိန်သန်းချမ်း)၊ (ဒေါ်ထွေးထွေး) တို့၏အစ်ကို ဒေါ်ရိန်ကြည်၏ခင်ပွန်း၊ သမီးဒေါက်တာမွန်မွန်လင်းချမ်း၏ ချစ်လှစွာသော ဖခင် ဦးစိန်ဝင်းချမ်း(နိုတြီပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ) အသက်(၇၄) နှစ်သည် ၂-၂-၂၀၂၆ရက် (တနင်္လာနေ့ )နံနက် ( ၁၁:၃၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲမိပါသည်။

**Cherry Legal Group Company Limited.**

---

### ဖောင်းကြွနံပါတ်ပြားပျောက်
### လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7897၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ၍ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်တင်ဆွေ(ခ)မနီစာ
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ အမှတ်(၇၅၈)၊ စာ၀(၁၈)လမ်းနေ ဒေါ်တင်တင်ဆွေ (ခ) မနီစာ သည် (၂၄-၁-၂၀၂၆)ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်ဝင်း(အစ်ကို) ဒေါ်အေးအေးမြင့်(ညီမ)**

---

### ယာဉ်မှတ်ပုံတင်စာအုပ်
### မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/17497, Honda Click-150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယုဇနဖြူ ၉/ပခက(နိုင်)၀၂၂၇၅၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးညီညီမင်း(ခ)ဦးဇာနည်မင်း
### (ဗိုလ်မှူး-ငြိမ်း၊
### လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)
### အသက်(၄၉)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့နေ ဒေါ်နန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မမှူးသက်ခင်၏ ကျေးဇူးရှင်ဖခင်၊ ဦးညီညီမင်း(ခ)ဦးဇာနည်မင်း သည် ၃၀-၁-၂၀၂၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၀)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

### ယာဉ်မှတ်ပုံတင်စာအုပ်
### မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၇၄၄၄၄, Honda Wave Alpha -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်လှအေး ၉/တသန (နိုင်)၁၃၇၇၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များအသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့်မိမိတို့၏ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်းအသိတရားဖြင့် အသုံးပြုကြရန်လို ...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်မှ အရာရှိ၊စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KNDF၊ အင်းလေး PDF၊ ရှမ်း(တောင်) PDF နှင့် DPLA အဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး ၆ ဦး၊ ပေါင်း ၂၄ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNDF အဖွဲ့မှ အမျိုးသား သုံးဦး၊ အင်းလေး PDF အဖွဲ့မှ အမျိုးသား တစ်ဦး၊ ရှမ်း (တောင်) PDF အဖွဲ့မှ

*စာမျက်နှာ ၁၉ ကော်လံ ၁* ○




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်သူတစ်ဦးက လက်နက်လွှဲပြောင်း ပေးအပ်စဉ်။

## ယူနက်စကို တင်သွင်းရန်အတွက် အထောက်ကူဖြစ်မည့် မြန်မာ့လက်ဖက်ပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာ့လက်ဖက်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ယူနက်စကိုသို့တင်သွင်းရန် အထောက်အကူအဖြစ်မြန်မာ့လက်ဖက်ပွဲတော်စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ စိမ်းလန်းစိုပြေ ပန်းခြံ၌ ပြုလုပ်သည်။

"မြန်မာ့လက်ဖက်ကို ယူနက်စကိုတင်သွင်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ တောင်ပေါ်ဒေသကထွက်တဲ့ လက်ဖက် အစိုစားသုံးခြင်း ယဉ်ကျေးမှုဓလေ့ကို မြန်မာနိုင်ငံသားတွေသာမက ကမ္ဘာ့နိုင်ငံအသီးသီးကပါ နှစ်သက်ဖွယ်ရာအစားအစာတစ်ခုအဖြစ် သိမြင်လာစေဖို့အတွက် အခုလိုလက်ဖက်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သတ်မှတ်ပေးဖို့ တင်သွင်းခြင်း ဖြစ်ပါတယ်။ ဒီနှစ်မတ်လပိုင်းလောက်မှာ တင်သွင်းမှာ ဖြစ်ပါတယ်" ဟု မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က ပြောကြားသည်။

ယူနက်စကိုသို့ တင်သွင်းနိုင်ရန် လိုအပ်သည့် အထောက်အထားများ၊ ထောက်ခံချက်များ စသည်တို့ကို စုဆောင်းလျက်ရှိပြီး အချို့မှာ ၈၀ ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ✳

## ၂-၂-၂၀၂၆ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၂.၄ | ၃၆.၃ |
| မိုင်းယန်းမြို့ | ၄.၀ | ၃၉.၂ |
| ဟဲဟိုးမြို့ | ၅.၃ | ၄၁.၅ |
| လွိုင်လင်မြို့ | ၆.၃ | ၄၃.၃ |
| တီးတိန်မြို့နှင့် နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၆.၅ | ၄၃.၇ |
| လားရှိုးမြို့ | ၇.၂ | ၄၅.၀ |
| ပူတာအိုမြို့နှင့် ပင်လောင်းမြို့ | ၈.၀ | ၄၆.၄ |
| သီပေါမြို့ | ၈.၅ | ၄၇.၃ |
| ညောင်ရွှေမြို့ | ၉.၀ | ၄၈.၂ |

## မန်စီးတီးက စပါးကို သရေကျခဲ့သည့်အတွက် အာဆင်နယ်နှင့် ရမှတ်ကွာဟမှု ခြောက်မှတ်ရှိလာ

နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၂၄) တွင် စပါးအသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်အတွက် အမှတ်ပေးဇယားကို ဦးဆောင်သည့် အာဆင်နယ်အသင်းနှင့် ရမှတ်ကွာဟမှု ခြောက်မှတ်အထိ ရှိသွားခဲ့ပြီဖြစ်သည်။ အဆိုပါပွဲစဉ်ကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက စပါးအသင်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

မန်စီးတီးအသင်းသည် ချာကီ၊ ဆီမန့်ညို့တို့၏ သွင်းဂိုးများဖြင့် စပါးအသင်းကို နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမား ဆိုလန်ကီ၏ ချေပသွင်းဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ❖



စပါးတိုက်စစ်ကစားသမား ဆိုလန်ကီ မန်စီးတီးအသင်းဘက်သို့ ချေပဂိုး သွင်းယူစဉ်။

### ယနေ့ ဇတ်စရာ

**ဗီယက်နမ်နိုင်ငံက ၂၀၂၆ ခုနှစ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၆ ဘီလီယံမှ ၅၅၀ ဘီလီယံအထိရရှိရန် မျှော်မှန်းထား**

နိုင်ငံတကာသတင်း စာ ၁၄

**KIA အဖွဲ့နှင့် KPDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် အသက် ၁၀ နှစ်အရွယ် ကလေးငယ် နှစ်ဦး ပုံးစထိမှန်ဒဏ်ရာများရရှိ၊ စာသင်ဆောင်များ ထိခိုက်ပျက်စီးဆုံးရှုံး**

ပြည်တွင်းသတင်း စာ ၁၈